မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၇၄)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

၂၀၁၂ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ
နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဦးညွှန့်ထွန်းနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွှန့်ထွန်းတို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

နယ်စပ်စက်မှုဇုန်ပြန်ဖွင့်ရေး တောင် - မြောက်ကိုရီးယားဆွေးနွေးမည် *စာမျက်နှာ - ၄*

မြန်မာ့ရွှေဈေးကျ ဝယ်လိုအား နှစ်ဆခန့်မြင့်တက် *စာမျက်နှာ - ၁၂*

ခရီးမဝေးတော့တဲ့ တောင်ကြီး-ကျိုင်းတုံ ကားလမ်း *စာမျက်နှာ - ၁၃*

ဆံပင်ကို အကုန်ညှပ်၍မရသည့် အာခါ တိုင်းရင်းသားလေး မောင်လီတိ *စာမျက်နှာ - ၁၅*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြတ်သောဆရာ

ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလအတွက် လူ့ဘောင်အဖွဲ့အစည်းက လိုအပ်သော သားကောင်းရတနာများ အမြောက်အမြားပေါ်ထွက်ရေးအတွက် ပုံဖော်ပေးနေသည်မှာ ဆရာကောင်းဆရာမြတ်တို့ပင်ဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း မျိုးဆက်သစ်လေးများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာကို အခြေခံပြီး မွန်မြတ်သည့် ပြုစုပျိုးထောင်မှုလုပ်ငန်းများကို ထမ်းဆောင်နေသည့် ဆရာ ဆရာမများသည် အနန္တောအနန္တငါးပါးဂိုဏ်းဝင် ပုဂ္ဂိုလ်များပင်ဖြစ်သည်။

အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနေရသည့် ဆရာ ဆရာမများသည် ဘဝ၏ ဗိသုကာများလည်းဖြစ်သည်။ ဘဝလမ်းခရီး သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ရန်၊ ဘက်စုံတတ်မြောက်ရန်၊ ပညာတစ်ခုတည်းသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာများ၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းတတ်ရန်၊ ယဉ်ကျေးသိမ်မွေ့ရန် စသည်ဖြင့် မြင့်မြတ်သော စိတ်ဓာတ်ပိုင်းဆိုင်ရာများကိုလည်း နည်းလမ်းပြသွန်သင်ဆုံးမပေးကြရသည်။ အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားမည့် မျိုးဆက်သစ်တို့သည် ပညာထူးချွန်ထက်မြက်ရုံသာမက ဘက်စုံကျွမ်းကျင်တတ်မြောက်ရန် ဆရာ ဆရာမတို့က ပုံဖော်ထုဆစ်ပေးလျက်ရှိသည်။

ပန်းပဲဆရာ၏ အတတ်ပညာဖြင့် ထုလုပ်မှုကြောင့် လှပသော ဓား၊ လှံလက်နက်ဖြစ်လာရပြီး ကျောက်ဆစ်ဆရာ၏ အတတ်ပညာဖြင့် ထုလုပ်မှုကြောင့် အရုပ်ကောင်းတစ်ရုပ် ဖြစ်လာရသည်။ ဆရာကောင်းတို့၏ သင်ကြားပြသမှု၊ ဆုံးမမှုတို့ကြောင့် လူကောင်းလူတော်လေးများလည်း ပေါ်ထွန်းလာခဲ့ရသည်။ “အိုးထိန်းသည်ပမာ မြတ်ဆရာ” ဟု လောကနီတိက ဆိုထားသည်။ အိုးထိန်းသမား အိုးထိန်းသည်သည် အိုးကိုကွဲစေအောင်မခတ်၊ လှပကောင်းမွန်စေရန်သာ ခတ်၏။ ဆရာသည်တပည့်အား ဘေးဒုက္ခရောက်အောင် မသွန်သင်၊ အသိပညာ၊ အတတ်ပညာ၊ အလိမ္မာ၊ အစီးအပွားရစေရန်အလို့ငှာ သွန်သင်သည်ဟု ဆိုထားပါသည်။

လူ့ဘောင်အဖွဲ့အစည်းအတွက် ဆရာ ဆရာမများသည် မရှိမဖြစ် ဖြစ်ကြောင်း ကမ္ဘာ့ဆရာများနေ့ သတ်မှတ်ပြီး ဂုဏ်ပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရင်းသွေးငယ်များသည် အသက်ငါးနှစ်အရွယ်မှစပြီး ပညာရည်နို့သောက်ကြရသည်။ ငယ်ရွယ်စဉ်အချိန်မှ အစပြုပြီး ဆရာ ဆရာမများနှင့် နီးနီးစပ်စပ် ထိတွေ့ကြရပြီး ဆရာ ဆရာမတို့၏ သွန်သင်ဆုံးမမှုအောက်တွင် နေလာခဲ့ရသည်မှာ ပညာစုံသည်အထိပင် ဖြစ်သည်။ “အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ” ဟု ဖော်ညွှန်းထားသကဲ့သို့ “ရှေးရှု မေတ္တာ ကရုဏာဖြင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့” ဟု မန်လည်ဆရာတော်ကြီး၏ အဆုံးအမများသည် ထင်ရှားသော ဆရာကောင်း လမ်းညွှန်များဖြစ်သည်။

ဆရာ ဆရာမများသည် ကျောင်းသားလူငယ်များအပေါ် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများပေါ်တွင် ပူးပေါင်း ဆောင်ရွက်တတ်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ သစ္စာရှိမှု၊ မွန်မြတ်သော အရည်အသွေးကောင်းများ ပြည့်စုံရေးကို တည်ဆောက်ပေးကြရမည်ဖြစ်သကဲ့သို့ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေး နီတိများကို အခြေခံပြီး တစ်ဦးချင်း စည်းကမ်းလိုက်နာတတ်မှု၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ တရားဥပဒေများကို လေးစားလိုက်နာမှုများစသည့် အလေ့အကျင့်ကောင်းများကို ထုဆစ်ပုံဖော်ပေးသွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ကွန်ရက် ပါမောက္ခချုပ်များ စည်းဝေး

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ကွန်ရက် ပါမောက္ခချုပ်များ အစည်းအဝေး (5th ASEAN University Network Rector's Meeting -AUN) ကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ အာဆီယံတက္ကသိုလ်ကွန်ရက်ပါမောက္ခချုပ်များ အစည်းအဝေး အမှုဆောင်ညွှန်ကြားရေးမှူး တွဲဖက်ပါမောက္ခ Dr. Nantana Gajaseni က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

မျှော်လင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များ၏ ပညာရေးအဆင့်အတန်းကိုမြှင့်တင်ပေးမည့် AUN Quality Assurance အခြေခံမူဘောင်သည် မဝေးသောကာလအတွင်း ပေါ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း၊ ASEAN Credit Transfer System သည် ဒေသတွင်းရှိ နိုင်ငံများမှ တက္ကသိုလ်ဆရာ၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ တက္ကသိုလ်များသို့ ရွှေ့ပြောင်း ပညာသင်ယူခြင်းတို့တွင် အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လူမှု-စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဦးတည်ချက်အရလည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု အစီအစဉ်ကို အဆင့်သုံးရပ် သတ်မှတ်၍ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ချမှတ်ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်ကောလိပ် ၁၆၈ ခုအတွက် Quality Assurance စနစ်မြှင့်တင်ရာတွင် အာဆီယံတက္ကသိုလ်ကွန်ရက်က အားပေးကူညီခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။ ဆွေးနွေးပွဲတွင် အာဆီယံဒေသတက္ကသိုလ်အချင်းချင်းပူးပေါင်းမှုများ၊ AUN အဖွဲ့ဝင်များအင်အား တိုးချဲ့ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မုံရွာဆိပ်ကမ်းတာရိုးများ သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလို

မုံရွာမြို့ အေးသာယာ(အုန်းခြံ) ရပ်ကွက် ကမ်းနားလမ်းရှိ ချင်းတွင်းဆိပ်ကမ်းတာရိုးများသည် ကြံ့ခိုင်မှုအခြေအနေ လုံးဝမရှိတော့သည့်အတွက် သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ပေးရန်လိုအပ်နေကြောင်း ယင်းရပ်ကွက်နေသူတစ်ဦးက ပြောသည်။

“မြစ်ရေကာတာကြီးက အောက်ကနေလိုက်ပြီး စားနေပါပြီ။ အရင်နေ့က ဆိတ်တွေပျောက်လို့ လိုက်ရှာတာ တာရိုးလိုက်စားနေတဲ့ အောက်မှာ ဆိတ်ငါးကောင်ဝင်ပြီး အိပ်နေ တာကို ပြန်လည်တွေ့ရှိရပါတယ်” ဟု ၎င်းက ဆက်လက်၍ပြောပြသည်။

ယခုအချိန်ကာလသည် ချင်းတွင်းမြစ်ရေကြီးမြင့်သည့် ရာသီကို ရောက်ရှိပြီး မြစ်ရေအခြေအနေမှာ တစ်ဟုန်ထိုး မြင့်တက်လာခဲ့မှုအပေါ် မုံရွာမြို့ ကမ်းနားလမ်းနေ အများပြည်သူများက

စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။ မုံရွာမြို့ကြီးတွင် ၂၀၀၃ ခုနှစ်ခန့်က ရတ်တရက် ချင်းတွင်းမြစ်ရေကြီးမြင့်ခဲ့မှုကြောင့် သီးနှံပွဲရုံအချို့ သိုလှောင်သီးနှံအများအပြား ရေနစ်ပျက်စီးခဲ့ရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး မှတ်တမ်းများက ဖော်ပြထားသည်။

“ဆိပ်ကမ်းတာရိုးကြီးက လိုက်စားနေပါပြီ။ အခုအချိန်က မြစ်ရေကြီးစပြုနေတာကြောင့် ကြံ့ခိုင်မှုမရှိတဲ့ ဆိပ်ကမ်းတာရိုးကြီးကို သက်ဆိုင်ရာက အမြန်ဆုံးပြင်ဆင်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စေရာ

ပါတယ်” ဟု ဘုရားကြီးရပ်ကွက် ညောင်တပင်လမ်းနေ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ဆိတ်ငါးကောင် လွတ်လပ်စွာ ခိုဝင်အိပ်စက်၍ရနိုင်သော ဆိပ်ကမ်းရေကာတာ လိုက်စားပျက်စီးစပြုနေလျက်ရှိသည့်နေရာသည် မုံရွာမြို့ အေးသာယာရပ်ကွက် ကမ်းနားလမ်း ရွှေကောင်းကင် ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်အနီး ဆိပ်ကမ်းအတွင်းဘက်မှနေရာ ဖြစ်သည်။နှစ်စဉ် ချင်းတွင်းမြစ်ရေ ကြီးမြင့်သည့်ကာလတွင် မြစ်ရေတစ်ဟုန်ထိုးမြင့်တက်လာတတ်ခြင်းကြောင့် ရပ်ကွက်ပေါင်းစုံ ရေကင်းစောင့်ရသည့် အခြေအနေများလည်း ရှိခဲ့ကြောင်း ရုံးကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ အဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်များအရ သိရသည်။

သြဇာ(မုံရွာ)

မလေးရှားပြန်များ အလုပ်နေရာချထားရေး လူတွေ့စစ်ဆေးမည်

ရန်ကုန် ဇူလိုင် ၅

အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများကို အလုပ်နေရာများသို့ အမြန်ဆုံးဝင်ရောက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်လျှောက်ထားသူ ၈၂ ဦးရှိသည့်အနက် ၅၅ ဦးကို အလုပ်ခန့်ထား ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃) ရပ်ကွက် မြနန္ဒာလမ်း အမှတ် ၂၉၈ ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း ဖုန်း ၀၁-၅၆၄၇၇၃ တွင် ပြည်တွင်းကုမ္ပဏီများနှင့် စက်ရုံအလုပ်ရုံများက လူတွေ့စစ်ဆေးပြီး အလုပ်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရွှေထူး

ပညာသင်ထောက်ပံ့ကြေး ပေးအပ်

သီပေါ ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု သားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၂၈ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုဝင် ကျောင်းသား ကျောင်းသူများအား မူလတန်းအဆင့် ၂၅ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၊ အလယ်တန်းအဆင့် ၁၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ အထက် တန်းအဆင့် ၁၀ ဦး တစ်ဦးလျှင် ငွေ ကျပ် ၇၀၀၀ နှင့် တက္ကသိုလ်အဆင့် သုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀နှုန်းဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၃ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၆၉၀၀၀ ကိုမြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က တစ်ဦးချင်းပေးအပ်ပြီး ကျောင်းသား မိဘ တစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန်နှိုးဆော်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့် အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ် ဝတ်စုံ (Life Jackets) လုံလောက်စွာ ဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းသတင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၄/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက် နေ့စွဲပါ အမိန့်အမှတ်(၁၁/၂၀၁၂)နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် နေ့စွဲပါ အမိန့်အမှတ်(၁၇/၂၀၁၂)တို့ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(၁) ဦးသိန်းစိန် — ဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတ
(၂) ဒေါက်တာစိုင်းမောက်ခမ်း — အဖွဲ့ဝင်
ဒုတိယသမ္မတ
(၃) ဦးညဏ်ထွန်း — အဖွဲ့ဝင်
ဒုတိယသမ္မတ
(၄) သူရဦးရွှေမန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်
(၅) ဦးခင်အောင်မြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
(၆) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် — အဖွဲ့ဝင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယဗိုလ်ချုပ်ကြီးကိုကို — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
(၈) ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန
(၉) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊
နယ်စပ်ရေးရာဝန်ကြီးဌာန
(၁၀) ဒေါက်တာထွန်းရှင် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
(၁၁) ဦးလှထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း ချီလီသမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် ဇူလိုင် ၆

ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်တွင် ဆန်တီယာဂိုမြို့၌ ချီလီသမ္မတနိုင်ငံသမ္မတ မစ္စတာ ဆဲဘာစတီရန် ပီညဲရာ အဲချ်နိခ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၅/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက် နေ့စွဲပါ အမိန့်အမှတ်(၁၂/၂၀၁၂)ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(၁) ဒေါက်တာစိုင်းမောက်ခမ်း — ဥက္ကဋ္ဌ
ဒုတိယသမ္မတ
(၂) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
(၃) ဦးအောင်မင်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
(၄) ဦးသိန်းဇော် — ဒုတိယဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၅) ဦးအုန်းမြင့် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(၆) ဦးစိုးသိန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(၇) ဦးသန်းဌေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး'
(၈) ဦးခင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(၉) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(၁၀) ဦးခင်မောင်စိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ — အဖွဲ့ဝင်
(က) ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့
(ခ) ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့
(ဂ) ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့
(ဃ) ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးအရအဖွဲ့
(င) ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(စ) ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
(ဆ) ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ဇ) ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့
(ဈ) ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(ည) ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့
(၁၂) တပ်မတော်မှ တိုင်းမှူးများ — အဖွဲ့ဝင်
(က) တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
(ခ) တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်
(ဂ) တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
(ဃ) တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
(င) တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်
(စ) တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်
(ဆ) တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်
(ဇ) တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်
(ဈ) တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်
(ည) တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်
(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန
(၁၄) ဗိုလ်ချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန
(၁၅) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်
(၁၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားများ — အဖွဲ့ဝင်
(က) ဒေါ်ဒွဲဘူ
ကချင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ခ) ဦးစိုးရယ်
ကယားတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ဂ) ဦးစောသိန်းအောင်
ကရင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ဃ) ဦးခွန်လိန်း
ချင်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(င) ဒေါ်မိယဉ်ချမ်း
မွန်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(စ) ဦးဘရှိန်
ရခိုင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ဆ) ဦးစတီဖန်
ရှမ်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ဇ) ဦးလှထွန်း
နာဂတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ဈ) ဦးကျင်ဝမ်း
"ဝ"တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၁၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားများ — အဖွဲ့ဝင်
(က) ဦးစခုန်တိန့်ယိန်း
ကချင်တိုင်းရင်းသား၊
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ခ) ဦးဆန်းရယ်
ကယားတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဂ) ဦးစောထွန်းမြအောင်
ကရင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဃ) ဦးပေါ်လျံလွင်
ချင်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(င) ဦးစောအုန်း
မွန်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(စ) ဦးအုန်းတင်
ရခိုင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဆ) ဦးစိုင်းကျော်ဇောသန်း
ရှမ်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဇ) ဦးမြတ်ကို
နာဂတိုင်းရင်းသား၊
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဈ) ဦးဆိုင်ပေါင်းနပ်
"ဝ" တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၁၈) ဦးဇော်သန်းသင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတကာသတင်း

နယ်စပ်စက်မှုဇုန်ပြန်ဖွင့်ရေး တောင်-မြောက်ကိုရီးယားဆွေးနွေးမည်

ဆိုးလ် ဇူလိုင် ၅

တောင်ကိုရီးယားနိုင်ငံက ဆွေးနွေးမှုတစ်ခုအား ကမ်းလှမ်းလိုက်ပြီး နာရီပိုင်းကြာပြီးနောက် နှစ်နိုင်ငံနယ်စပ်ရှိ ကီဆောင်စက်မှုဇုန်အပေါ် ဆွေးနွေးမှုများပြုလုပ်ရန် မြောက်ကိုရီးယားကသဘောတူညီခဲ့ကြောင်း ဇူလိုင် ၅ ရက် ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နှစ်နိုင်ငံလုံးမှ လုပ်ငန်းအဆင့်ဆိုင်ရာအရာရှိများသည် စစ်မဲ့ဇုန်အတွင်းရှိ ပန်မွန်ဂျုံကျေးရွာ၌ ဇူလိုင် ၆ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံအတွက် ဝင်ငွေ အဓိကအရင်းအမြစ်တစ်ခုဖြစ်သည့် အဆိုပါစက်မှုဇုန်လုပ်ငန်းသည် ဒေသတွင်းတင်းမာမှုများ မြင့်မားနေစဉ် ဧပြီလအတွင်းက ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

ပြုလုပ်သွား

အဆိုပါလုပ်ငန်းအဆင့် အစည်းအဝေးကို မြောက်ကိုရီးယားဘက်ခြမ်း ပန်မွန်ဂျုံကျေးရွာတွင် ယင်းနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ပြုံယမ်းက တောင်ကိုရီးယားလုပ်ငန်းရှင်များအား ၎င်းတို့၏ပစ္စည်းပစ္စယများထိန်းသိမ်းရန်နှင့် စစ်ဆေးရန် စက်မှုဇုန်သို့ လာရောက်ခွင့်ပြုပြီး တစ်ရက်ကြာ ဇူလိုင် ၄ ရက်က လုပ်ငန်းအဆင့်ဆွေးနွေးမှုကို တောင်ကိုရီးယားက အဆိုပြုခဲ့ခြင်းဖြစ်သည်။

ယင်းကမ်းလှမ်းမှုကို မြောက်ကိုရီးယားက ဇူလိုင် ၄ ရက် နှောင်းပိုင်းတွင် လက်ခံခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်(ဝဲ)နှင့် အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရေယာတို့အား ကိုချာဘန်ဘာ ထိပ်သီးအစည်းအဝေး၌ တွေ့ရစဉ်။

ထိပ်တန်းအာဖဂန်အမျိုးသမီးရဲအရာရှိ ပစ်သတ်ခံရ

ကဘူးလ် ဇူလိုင် ၅

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်တွင် ထိပ်တန်းအမျိုးသမီးရဲအရာရှိတစ်ဦး ပစ်သတ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အမျိုးသမီးရဲအရာရှိ ဗိုလ်ကြီးအစ္စလမ်ဘီဘီသည် ဟဲလ်မန်ပြည်နယ် လပ်စကာဂါမြို့ရှိ သူမ၏နေအိမ်မှ ထွက်ခွာနေစဉ် အမည်မသိ လက်နက်ကိုင်များက ချောင်းမြောင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အမျိုးသမီးရဲအရာရှိ ၃၂ ဦး၏ ခေါင်းဆောင်ဖြစ်သူ အသက် ၃၇ နှစ်အရွယ်ရှိ ဗိုလ်ကြီးဘီဘီသည် ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းတွင် အခြားသော အမျိုးသမီးများအတွက် အတုယူစံပြုထိုက်သူတစ်ဦးဖြစ်သည်ဟုလည်း သိရသည်။

ဟဲလ်မန်ပြည်နယ်တွင် အခြားလမ်းဘေးဗုံးပေါက်ကွဲမှုတစ်ခုတွင် အမျိုးသမီးလေးဦးသေဆုံးပြီး သူမသေဆုံးမှု ပေါ်ပေါက်လာခဲ့သည်။

ဗိုလ်ကြီးဘီဘီသည် သူမ၏သမက်နှင့်အတူ မော်တော်ဆိုင်ကယ်တစ်စီးပေါ်ရှိနေချိန်တွင် အမည်မသိလက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် သူမသည် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။ **(ဘီဘီစီ)**

မောင်မွေး ရေးသားသည်

အမေရိကန်သံရုံးကို ပိတ်ပစ်မည်ဟု ဘိုလီးဗီးယားသမ္မတ ခြိမ်းခြောက်

ကိုချာဘန်ဘာ ဇူလိုင် ၅

ဘိုလီးဗီးယားနိုင်ငံရှိ အမေရိကန်သံရုံးကို ပိတ်ပစ်မည်ဟု ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်က ၎င်း၏လေယာဉ်ကို ဥရောပဝေဟင်၌ တားဆီးပိတ်ပင်ခံခဲ့ရပြီးနောက် ခြိမ်းခြောက်လိုက်သည်။

တောင်အမေရိကခေါင်းဆောင်များ အထူးထိပ်သီး အစည်းအဝေးတစ်ရပ်ကို ဇူလိုင် ၄ ရက်က ကိုချာဘန်ဘာ၌ ပြုလုပ်စဉ် ဘိုလီးဗီးယားသမ္မတက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဥရောပနိုင်ငံအချို့က ယင်းတို့၏လေကြောင်းပိုင်နက်ပေါ်မှ ပျံသန်းသွားချိန် နှောင့်ယှက်ဟန့်တားခဲ့ပြီးနောက် ၎င်း၏လေယာဉ်ကို ဇူလိုင် ၂ရက်က ဩစတြီးယားနိုင်ငံ ဗီယင်နာ လေဆိပ်၌ အတင်းအကျပ်ဆင်းခိုင်းခဲ့သည်။ ယင်းကဲ့သို့ ဆင်းခိုင်းခဲ့ခြင်းမှာ အမေရိကန်တရားခံပြေး စနိုးဒန်းလေယာဉ်ပေါ်တွင် လိုက်ပါလာသည်ဟုသံသယဖြင့် အတင်းအကျပ်ဆင်းခိုင်းခဲ့ခြင်း ဖြစ်သည်။

ဝါရှင်တန်က ဥရောပနိုင်ငံများကို ၎င်း၏လေယာဉ်လမ်းကြောင်းပြောင်းရန် ဖိအားပေးခဲ့ခြင်းကိုလည်း ဘိုလီးဗီးယားသမ္မတက အပြစ်တင်ပြောဆိုလိုက်သည်။ **(ဘီဘီစီ)**

ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းကို အီဂျစ်စစ်တပ်က ခွင့်ပြု

ကိုင်ရို ဇူလိုင် ၅

အီဂျစ်နိုင်ငံတွင် အဓိကဆန္ဒပြမှုများမပြုလုပ်မီ ငြိမ်းချမ်းစွာဆန္ဒပြမှုကို ခွင့်ပြုမည်ဖြစ်ကြောင်း အီဂျစ်စစ်တပ်က ပြောကြားလိုက်သည်။

စစ်တပ်က သမ္မတမိုဟာမက်မော်စီကို ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် မွတ်စလင်ဘရားသားဟုကို ထောက်ခံသူများသည် အကြီးအကျယ်ဆန္ဒပြပွဲများ ပြုလုပ်လိမ့်မည်ဟု ခန့်မှန်းရသည်။

ကြားဖြတ် ခေါင်းဆောင်သစ် အက်ဒလိုင်း မာမွတ်မန်ဆောသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက်ပွဲကျင်းပပေးရန် ကတိကဝတ်ပြုပြောဆိုထားသည်။ အစိုးရသစ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုထားကြောင်း မွတ်စလင်ဘရားသားဟု ပြောရေးဆိုခွင့်ရှိသူ ဂျီဟတ် အယ်လ်ဟက်ဒက်က ပြောကြားသည်။

သမ္မတ မော်စီနှင့်အတူ မွတ်စလင်ဘရားသားဟုပါတီ ထိပ်တန်းခေါင်းဆောင်များကိုလည်း ဖမ်းဆီးထားသည်။ ဇူလိုင် ၅ ရက် စောစောပိုင်းက ဆိုင်းနိုင်းကျွန်းဆွယ်ရှိ ရဲနှင့် စစ်တပ်စစ်ဆေးရေးဂိတ်များကို စစ်သွေးကြွများက ဒုံးကျည်များ၊ မော်တာများနှင့် ပစ်ခတ်ခဲ့ရာ စစ်သားတစ်ဦး သေဆုံးသွားခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ်နိုင်ငံရေကြောင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်

ပေကျင်း ဇူလိုင် ၅

တရုတ်နိုင်ငံနှင့် ရုရှားနှစ်နိုင်ငံတို့၏ ဂျပန်ပင်လယ်တွင်း ပြုလုပ်သော နှစ်နိုင်ငံရေတပ်ပူးတွဲလေ့ကျင့်မှု စတင်လိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၅ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ အဆိုပါ ၂၀၁၃ ခုနှစ် ပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့စေလွှတ်ခဲ့

လေ့ကျင့်ရေးပင်လယ်ပြင်သို့တရုတ်နိုင်ငံဘက်မှ ဒုံးကျည်ဖျက် စစ်သင်္ဘောလေးစင်း၊ ဒုံးကျည်စောင့်ကြည့်ရှာဖွေရေး စစ်သင်္ဘောနှစ်စင်း၊ ကူညီထောက်ပံ့ရေးစစ်သင်္ဘောတစ်စင်းနှင့်ရဟတ်ယာဉ်တင် စစ်သင်္ဘောသုံးစင်း ပေးပို့စေလွှတ်ခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံ၏ မည်သည့်နိုင်ငံခြားပူးတွဲစစ်ရေးလေ့ကျင့်မှု၌မဆို ပေးပို့သောအကြီးဆုံးစစ်ရေးအထောက်အပံ့ဖြစ်သည်။ တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပြောဆိုချက်အရ ဤစစ်ရေးလေ့ကျင့်မှုသည် မည်သည့်အရေးကိစ္စကိုမျှ ရည်ရွယ်ရင်းမဟုတ်ဘဲ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်သည်ဟု ဆိုသည်။

ယင်းစစ်ရေးလေ့ကျင့်မှု၌ စစ်သင်္ဘောစုစုပေါင်း အစင်း ၂၀ နီးပါး ပါရှိပြီး စစ်လေယာဉ်နှင့် ရဟတ်ယာဉ်အစင်း ၁၀ ကျော်က လှည့်လည်လမ်းကြောင်းပေးနေသည်။ နှစ်နိုင်ငံရေတပ်တပ်ဖွဲ့ဝင်များသည် ပင်လယ်ပြင်လေကြောင်းကာကွယ်ရေး၊ ပင်လယ်ဓားပြသင်္ဘောများ ဖမ်းဆီးခြင်းနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များအား လေ့ကျင့်ကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားပေးသော သမဝါယမ

ဒေါက်တာအောင်သန်းဝင်း (သမဝါယမတက္ကသိုလ်)

သမဝါယမအသင်း ဆိုသည်မှာ အသင်းဖွဲ့စည်းလိုသူများက ဆန္ဒအလျောက် ပူးပေါင်းကြပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန်အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒဖြင့် ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။

သမဝါယမ၏ ဦးတည်ချက်များမှာ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံလူတန်းစားများ၏ လူမှုဘဝ တိုးတက်စေရန်၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြုဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

သမဝါယမ၏ လုပ်ငန်းစဉ်များမှာ ကျေးရွာတိုင်းတွင် အနည်းဆုံး အခြေခံသမဝါယမအသင်း တစ်သင်းဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးပြီး လိုအပ်သော လုပ်ငန်းအရင်းအနှီးချေးငွေများကို စဉ်ဆက်မပြတ်ထုတ်ချေးပေးခြင်းဖြင့် လေး၊ ငါးနှစ်အတွင်း မိမိဘာသာ ရပ်တည်နိုင်အောင် (Sustainable Development ဖြစ်အောင်) ဆောင်ရွက်ပေးရန်၊ ထုတ်ချေးပေးရမည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်အတွက် အများပိုင်ငွေကြေးအဖွဲ့အစည်းတစ်ခု/ Microfinance Bank တစ်ခု ပေါ်ပေါက်လာအောင် ဆောင်ရွက်ပြီး ချေးငွေများထောက်ပံ့ပေးရန်၊ ဖွဲ့စည်းပြီးသည့် အဆင့်ဆင့်သော သမဝါယမအသင်းများ ပြန်လည်ရှင်သန်အောင်နှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုစသည့် လုပ်ငန်းများကို ငွေကြေး၊ နည်းပညာ၊ ဈေးကွက် ကျယ်ပြန့်စွာဖြင့် ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ သမဝါယမတက္ကသိုလ်/ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာကို ကျွမ်းကျင် တတ်မြောက်သည့် ပညာတတ်များ မွေးထုတ်ပေးရန်၊ သမဝါယမ သင်တန်းကျောင်းများမှ အမျိုးသားရေး စိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်တို့ ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၈)ရပ်တွင်လည်း "သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"သည်လည်း လုပ်ငန်းတစ်ရပ်အနေနှင့် အရေးကြီးသည့် ကဏ္ဍမှ ပါဝင်ပေသည်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၁၂-၅-၂၀၁၃ ရက်နေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားရာ၌ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့်ကျေးလက်ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစား ငွေကြေး (Microfinance) သည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်အတွက် အဓိကအခြေခံကျသောလုပ်ငန်း ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရင်းအနှီးမရှိ၊ မလုံလောက်သည့်အတွက် အတိုးနှုန်းကြီးမြင့်စွာဖြင့် ပြည်ပတွင် ချေးငွေရယူဆောင်ရွက်ရသဖြင့် ထိုက်သင့်သော အကျိုးအမြတ်မရရှိဘဲ၊ မတည်ရင်းနှီးငွေ အခက်အခဲထဲတွင် သံသရာလည်လျက်ရှိနေကြပါကြောင်း၊ ယင်းအခက်အခဲမှ သက်သာရာရအောင် နိုင်ငံတော်အစိုးရက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းပြီး ယင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ကိုယ်စား သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အသေးစားငွေကြေးလုပ်ငန်းသည် ပြည်သူများလတ်တလော သက်သာချောင်ချိမှု ရရှိစေရုံအတွက်သာမကဘဲ နောင်သင့်တင့်သောကာလတွင် ပြည်သူများ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်သွားနိုင်သည့် အခြေအနေကို ရောက်အောင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ဤအသေးစားငွေစုငွေချေးလုပ်ငန်းသည် တချို့နိုင်ငံများတွင် အောင်မြင်မှုများ ရှိသကဲ့သို့ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ရခြင်းလည်းရှိပါကြောင်း၊ အောင်မြင်မှု၊ ဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး ဆင်းရဲနွမ်းပါးသူများအတွက် အမှန်တကယ် ထိရောက်အကျိုးရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး၊ နိုင်ငံတော်စီးပွားရေး ဒုတိယမဏ္ဍိုင်အဖြစ် တိုင်းပြည်စီးပွားရေးကို အမှန်တကယ် အထောက်အကူ ပြုလာနိုင်စေရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့အခါ သမဝါယမ အခြေအနေကိုကြည့်လျှင် ဖွံ့ဖြိုးနေသော နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၌ သမဝါယမလုပ်ငန်းများနှင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပြီး သမဝါယမလုပ်ငန်းများ အောင်မြင်နေတာကိုလည်း တွေ့မြင်နိုင်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ သမဝါယမအသင်းများအနေဖြင့်လည်း နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများနည်းတူ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ယခုအချိန်မှစပြီး လူသစ်စိတ်သစ် စနစ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း စသည်ဖြင့်ထည့်သွင်းပြောကြားသည်။

၁၀-၅-၂၀၁၃ ရက်နေ့တွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြသရဖီခန်းမ၌ အဆင့်မြင့်စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ်သင်တန်းတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လာရောက်ပို့ချရာ၌ "သမဝါယမသည် ဘယ်ခေတ်၊ ဘယ်အခါမဆို တိုင်းပြည်စီးပွားရေးရဲ့ ဒုတိယမဏ္ဍိုင်မှာရှိနေတယ်ဆိုတာ တွေ့ကြရမှာ ဖြစ်ပါတယ်။ ဆိုရှယ်လစ်အတော်များများနဲ့ ကွန်မြူနစ်မှာလည်း ဒုတိယမဏ္ဍိုင်ပါပဲ။ ဈေးကွက်စီးပွားရေးစနစ်မှာ ပါလီမန် ဒီမိုကရေစီစနစ်မှာလည်း ဒုတိယမဏ္ဍိုင်ပဲ၊ ဒါသူ့ရဲ့နေရာအမှန်ပါပဲ။ သမဝါယမလုပ်ငန်းနဲ့ပတ်သက်ပြီး ပါချင်တဲ့လူကပါ၊ မပါချင်တဲ့လူကမပါနဲ့၊ အဲဒီတော့ ဒီလိုပါချင်တဲ့လူပါလို့ပြောလိုက်တဲ့အခါမှာ တို့တစ်တွေက tactful ဖြစ်ဖို့လိုတယ်။ Tactful ဖြစ်ဖို့ဆိုတာ မှန်မှန်ကန်ကန်နဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်အောင် လုပ်ပေးတာကို tactful ဖြစ်တယ်လို့ခေါ်တယ်။ သူများကိုလိမ်ဖို့၊ လှည့်ပတ်ဖို့ရာအတွက် tactful ဖြစ်တယ်လို့ ဆိုလိုခြင်းမဟုတ်ဘူး။ Slogan ရှိတယ်။ "လူပုဂ္ဂိုလ်ရေးသည် သာမည၊ သမဝါယမအောင်မြင်ရေးသည် အဓိက"၊ "သမဝါယမ မူဝါဒကိုအခြေခံ၊ ပုဂ္ဂလိက လုပ်ထုံးလုပ်နည်း လုပ်ဟန်ကျင့်သုံး၊ 'စံ' နှုန်းများဖြင့် ထိန်း၊ လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး"စတဲ့ ဆောင်ပုဒ်တွေဟာ သင်တန်းသားတွေအတွက် ကိုယ့်ရဲ့လက်စွဲအဖြစ်ကိုင်တွယ်ရမှာဖြစ်တယ်။

"မျှော်မှန်းထားတာကတော့ မိသားစုတစ်စုကို ငါးသိန်းအထိ ချေးပေးမယ်လို့ မျှော်မှန်းထားတယ်။ တကယ်လိုအပ်ရင် ဒီထက်တိုးပေးမယ်။ သဖန်းဆိုတဲ့ရွာလေးဟာ အံ့သြစရာလည်း ကောင်းတယ်။ အတုယူစရာလည်းကောင်းတဲ့ ရွာလေးပါ။ အပ်ချုပ်စက်တွေ ထူထောင်ပြီးတော့ လုပ်ငန်းခွင် ၅၀ လောက်ရှိတယ်။ တို့တစ်တွေဝတ်နေတဲ့ ပုဆိုးတို့၊ တိုက်ပုံတို့၊ ဂျာကင်တို့ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်းချုပ်တယ်။ လုပ်ငန်းရှင်တစ်ဦးကို ၁၅ သိန်းချေးတယ်။ ဒါကြောင့်တို့ရဲ့ Microfinance လုပ်ငန်းသည် ကန့်သတ်မထားဘူး။ လိုအပ်ရင် လိုအပ်သလို တစ်သိန်း၊ နှစ်သိန်း ချေးတာရှိသလို ၁၅ သိန်းချေးတာလည်းရှိတယ်။ ဒီတော့ ၁၅ သိန်းချေးရင် ၁၅ သိန်းချေးတဲ့ အတွက်ကြောင့် တစ်စု၊ တစ်စုကို တစ်သိန်းခွဲစုတယ်။ လုပ်ငန်းရှင် ၅၀ ဆိုတော့ ပထမအကြိမ်ထဲတင် အစုငွေ ၇၅ သိန်း အလုပ်လုပ်လို့ရတယ်။ ဒါကြောင့် တို့သမဝါယမအသင်းမှာလည်း အခုလို အသင်းသားတွေရဲ့ အစုငွေတဖြည်းဖြည်း ပိုများလာတယ်။ အဲဒီမှာ အချုပ်က ဘာလဲဆိုတော့ ယနေ့သမဝါယမရဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းက ပြည်သူတွေအတွက် လတ်တလော သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးရုံသာမက နောင်အနာဂတ်မှာ ပြည်သူတွေ ငွေချေးစရာမလိုဘဲ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်အောင် ရည်မှန်း ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလုပ်ငန်းစဉ် အောင်မြင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါစို့လို့ Motivation လုပ်တယ်" စသည်ဖြင့် ပြောကြားသွားပါသည်။

မြန်မာ့လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် သမဝါယမ နှစ်နှစ်စီမံကိန်း၊ consimo cooperative scheme- CONCO စီမံကိန်းတို့ကိုလည်း ရေးဆွဲခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက- 'စုပေါင်းရောင်းဝယ်ရေးအဖွဲ့များကို ဖြစ်နိုင်တဲ့နေရာမှာ ဖွဲ့ထားဖို့လိုပါတယ်။ ဒီအသင်းများကို တိုင်းသူပြည်သားတွေက ခိုင်မြဲအောင်လုပ်ကြပေမယ့် ခိုင်မြဲအောင် မလုပ်နိုင်ကြတာကို တွေ့ရတယ်။ ဒီအသင်းတွေဟာ ငါတို့ရဲ့ အကျိုးစီးပွားပါလားလို့ နားလည်တဲ့နေရာ ဒေသတွေမှာတော့ ဖွံ့ဖြိုးစည်ပင် တိုးပွားတာတွေ့ရတယ်' ဟု မိန့်ကြားသွားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅ တွင် မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ ဥပဒေ ပုဒ်မ ၃၆ (က) တွင် နိုင်ငံတော်သည် အမျိုးသား စီးပွားရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်း၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့်စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်ဟု ဖော်ပြထားရာ သမဝါယမ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးလှပေသည်။

ယခုအခါ သမဝါယမအသင်း အချင်းချင်း ပံ့ပိုးငွေ၊ သမဝါယမဘဏ်ထုတ်ချေးငွေများနှင့် ဆောင်ရွက်နေပြီး အနာဂတ်၌ Microfinance bank နှင့် ငွေကြေးအရင်းအနှီးထုတ်ချေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ နိုင်ငံတကာ အကူအညီများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီးအနာဂတ်၌ လယ်သမားများကိုယ့်ဘာသာ ရပ်တည်လာနိုင်ရန် ကျေးရွာတိုင်း၌ သမဝါယမအသင်းဖွဲ့ပြီး အရင်းအနှီးမတည်ငွေ ထုတ်ပေးသောစနစ်နှင့် စတင်နေခြင်းဖြစ်သည်။ သမဝါယမ၏ မူအတိုင်း ပြည်သူ့ဆန္ဒကို အခြေခံပြီးစိတ်တူကိုယ်တူ ဆန္ဒတူသူများနှင့် ဖွဲ့စည်းစေပြီး သူတို့ဆန္ဒအလျောက် အစီအမံများနှင့် ဆောင်ရွက်မည်ဖြစ်သည်။ ယခုဆိုလျှင် ဖွဲ့စည်းပြီးအသင်းပေါင်း ၁၈၂၉၄ ရှိပြီး အသေးစားချေးငွေ ထုတ်ချေးပေးထားသော မြို့နယ်ပေါင်း ၂၇၉ မြို့နယ်၊ ရပ်ကွက် ကျေးရွာပေါင်း ၇၇၂၇ ကို ပံ့ပိုးချေးငွေ ၁၁ ဘီလီယံကျော် ထုတ်ချေးပေးပြီးဖြစ်သည်။

သမဝါယမ အသင်းသားများသည် (၁) အတိုးကြီးကြီးချေးနေရသော ဘဝကလွတ်ပြီး မိမိဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခြင်း၊ (၂)မဖြစ်မနေ ငွေစုရသည့်အတွက် ကိုယ်ပိုင်ငွေကြေးတိုးပွားလာခြင်း၊ (၃) စုထားသောငွေပေါ်က အတိုးပြန်ရခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပါသည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ သမဝါယမအသင်း၏ စီမံခန့်ခွဲမှုများကို မိမိတို့အသင်းလိုက်မှန်မှန်ကန်ကန် ဆုံးဖြတ်ကြရန်ဖြစ်သည်။ အသင်းလိုက်အလုပ်လုပ်လျှင် လုပ်သလောက် ဖွံ့ဖြိုးမှုကို ရရှိစေမည်ဖြစ်ပြီး အလုပ်မကြိုးစားလျှင် မကြိုးစားသလောက် နောက်ကျကျန်နေမည်ဖြစ်သည်။ ထို့ကြောင့် သမ္မတကြီးကိုယ်တိုင် အားပေးချီးမြှင့်ထားသော သမဝါယမလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ အောင်မြင်မှုရရှိသည်အထိ လုံ့လမလျှော့ဘဲ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

တရုတ်ပြည်ကုမ္ပဏီများအသင်းမှ မြန်မာမီဒီယာများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာ-တရုတ်နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံရှိကြောင်း၊ မြန်မာဝန်ထမ်းပေါင်း တစ်သောင်းခွဲကျော်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းဖြင့် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ တရုတ်သံရုံး၌ ပြုလုပ်သော တရုတ်ပြည်ကုမ္ပဏီများအသင်းနှင့် မြန်မာမီဒီယာများတွေ့ဆုံပွဲ **(ယာပုံ)**တွင် အသင်းဥက္ကဋ္ဌ Mr.LV Dexing က ပြောကြားခဲ့သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ကုမ္ပဏီစုစုပေါင်း ၁၃၅ ခုကျော် အသင်းဝင်ထားကြောင်း သိရသည်။ အဓိကအားဖြင့် ရေနံလုပ်ငန်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ လျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် လူမှုရေးဝန်ဆောင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၇၀ မီလီယံခန့် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ထိုစဉ်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ကိုဖီအာနန်က တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ရပ်တွင် လုပ်ငန်းတစ်ခုပြုလုပ်လိုလျှင် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများ၏ အကျိုးဆက်ဖြစ်သော လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ထည့်သွင်းစဉ်းစားပေးရန် သဘောတူညီခဲ့ကြကြောင်း။

အဆိုပါ သဘောတူညီချက်၏ ကောင်းမွန်သောအကျိုးရလဒ်များကို မီးမောင်းထိုးပြရမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ပြည်ပနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ စည်းမျဉ်းဥပဒေများအတိုင်း လေးစားလိုက်နာရန်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူရန်၊ ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ရန်၊ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သော အကျိုးဆက်ရရှိရေးဆောင်ရွက်ပေးရန်၊ လူမှုဘဝတိုးတက်မြင့်မားရေးကို ကူညီဆောင်ရွက်ပေးရန် စသည့်အချက်များကို သတ်မှတ်ပေးထားကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr.Jin Honggen က တရုတ်ပြည်ကုမ္ပဏီများ၏ အဆိုပြုစည်းမျဉ်းများနှင့်ပတ်သက်၍ မြန်မာ-တရုတ်နှစ်နိုင်ငံ ဥပဒေစည်းမျဉ်းများကို မိမိအသိစိတ်ဓာတ်ဖြင့် လိုက်နာရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဥပဒေသတ်မှတ်ချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်၊ ဥပဒေသတ်မှတ်ချက်အတိုင်း အခွန်ပေးဆောင်ရန်၊ မြန်မာလူမှုအဖွဲ့အစည်း၏ ယုံကြည်မှုနှင့် မြန်မာပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရေး ကြိုးပမ်းအားထုတ်ရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ဆန်းစစ်ချက်နှင့် စီမံခန့်ခွဲရေးစနစ်ကိုစနစ်တကျ ကျင့်သုံးရန်၊ အလုပ်သမားနှင့်ဝန်ထမ်းများ၏ အလုပ်လုပ်စဉ်ကာလအတွင်း ဘေးကင်းရေး၊ ကျန်းမာရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ ပွင့်လင်းမြင်သာသည့် တည်ငြိမ်သည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ပတ်ဝန်းကျင်ကိုဖန်တီးတည်ဆောက်ရန်နှင့် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး၊ နည်းပညာဖလှယ်ရေး၊ လူမှုအဖွဲ့ဆောင်ရွက်မှုများအတွက် မိမိအစွမ်းရှိသမျှ အားပေးဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် တရုတ်ကုမ္ပဏီများအား တိုက်တွန်းပြောကြားထားကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တရုတ်ပြည်ကုမ္ပဏီများအသင်းမှ CPI ကုမ္ပဏီ၊ CNICO ကုမ္ပဏီ၊ မြန်မာဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က ကုမ္ပဏီလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ဘက်စုံထူးချွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး ပညာရေးဝန်ကြီးဌာနက သင်ကြားလေ့ကျင့်မွေးမြူပေး

ဦးကျော်ညွန့်(ပညာရေးသုတေသန)

အခြေခံပညာသည် ပညာအခြေခံများကို သင်ကြားလေ့ကျင့်ပေးရသည့်နည်းတူ ဘက်စုံပညာထူးချွန်သည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်အတွက်ကိုလည်း သင်ကြားလေ့ကျင့်မွေးမြူပေးနေရသည်။အတတ်ပညာနှင့်အသိပညာပြည့်ဝပြီး နှလုံးလှသူများသည်သာလျှင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းများဟူ၍ ခေါ်ဆိုအပ်ပေသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများသည် အခြေခံပညာကျောင်းများတွင် သင်ယူနေကြသော ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်ပြီး အတတ်ပညာနှင့်အသိပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် စာကိုလည်း သင်၍ လူကိုလည်း ပြင်ပေးလျက်ရှိပါသည်။

ပညာပြည့်ဝနှလုံးလှသူများဖြစ်ရန်အတွက် သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို ဟန်ချက်ညီညီလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ **စာရိတ္တနှင့် ပြည်သူ့နီတိကျင့်ဝတ်များ စောင့်ထိန်းနိုင်ရန်၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုသည့် လူမှုဝန်ထမ်းစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်၊ အများစုနှင့်စုပေါင်းနေထိုင် ဆောင်ရွက်နိုင်စေရန်၊ ကိုယ့်အားကိုယ်ကိုးလိုစိတ်ရင့်သန်လာစေရန်၊ နိုင်ငံအကျိုးပြုအသက်မွေးဝမ်းကျောင်းဖြင့်ချမ်းမြေ့သာယာလှပသော ဘဝကိုပိုင်ဆိုင်စေရန်** ရည်မှန်းပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများတွင် ကင်းထောက်လူငယ်အဖွဲ့ကို ဖွဲ့စည်းလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ကင်းထောက်အဖွဲ့ဝင်အင်အား ၂၀၀၀ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ တစ်နိုင်ငံလုံးအတိုင်းအတာထိ ကင်းထောက်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံတကာကင်းထောက်မိတ်ဆွေများနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံရင်း နိုင်ငံတကာ အတွေ့အကြုံဗဟုသုတများကို ရယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများမှ ကင်းထောက်လူငယ်များသည် နိုင်ငံတကာ အတွေ့အကြုံဗဟုသုတများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

ယခု ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းကောင်စီအဖွဲ့ကို ဒီမိုကရေစီနည်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ပြီး ဒီမိုကရေစီအခြေခံအလေ့အကျင့်ကောင်းများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။ကျောင်းကောင်စီအဖွဲ့အောက်တွင်ရှိသောကျောင်းတွင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အသင်းလိုက် လှုပ်ရှားဆောင်ရွက်ယှဉ်ပြိုင်စေခြင်းအားဖြင့် ကောင်းသောယှဉ်ပြိုင်မှုအလေ့အထများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ယခု ပညာသင်နှစ်မှစတင်၍ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ဗဟိုအဆင့်အထိ ကျပန်းစကားပြောပြိုင်ပွဲများ၊ စကားရည်လုပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများကို ကျင်းပပေးရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ထိုသို့ ပြိုင်ပွဲများကျင်းပပေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီကလည်း ကိုယ်ရည်ကိုယ်သွေးမြင့်မားသည်ထက် မြင့်မားနေအောင် ဆည်းပူးလေ့လာ ကြိုးစားအားထုတ်လာကြမည် ဖြစ်ပါသည်။

ကျောင်းအဆင့်မှ ဗဟိုအဆင့်အထိ ကျင်းပပေးမည့် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စာပေဗဟုသုတကြွယ်ဝပြည့်စုံအောင် ဆည်းပူးလေ့လာကြရမည်ဖြစ်ပါသည်။ ကျောင်းစာတစ်ခုတည်းကိုသာမဟုတ်ဘဲ ပြင်ပစာပေဗဟုသုတများကိုပါ လေ့လာဆည်းပူးမှတ်သားနိုင်မှသာလျှင် အဆိုပါပြိုင်ပွဲများတွင် အောင်ပွဲခံနိုင်ကြသူများ ဖြစ်ကြပေလိမ့်မည်။ ထိုအခါ ကျောင်းသား ကျောင်းသူများသည် ပြင်ပစာပေဗဟုသုတများကို လေ့လာဆည်းပူးမှတ်သားနိုင်ရန် အတွက် အခြေခံပညာကျောင်းများတွင်ရှိသော စာကြည့်တိုက်များသို့ သွားရောက်ပြီး ပြင်ပစာပေဗဟုသုတများကို ဆည်းပူးလေ့လာကြမည်ဖြစ်ပါသည်။ ထိုသို့လေ့လာနိုင်ရန်အတွက် အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များကို တည်ထောင်ပေးမည်ဖြစ်ပါသည်။ ယခု ပညာသင်နှစ်မှစ၍ ကျောင်းစာကြည့်တိုက်များတည်ထောင်ပြီး ပြင်ပဗဟုသုတများရရှိစေမည့် စာအုပ်စာတမ်းများ ဝယ်ယူဖြည့်ဆည်းပေးနိုင်ရန်အတွက် စာကြည့်တိုက်အသုံးစရိတ်ငွေကြေးများကိုလည်း ပေးအပ်ထားပြီးဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေးနေခြင်းသည် ကျောင်းသားကျောင်းသူများအား အသိပညာတိုးပွားစေပြီး စာဖတ်သည့် အလေ့အကျင့်ကို မွေးမြူပေးနေခြင်းပင် ဖြစ်ပါသည်။

အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားပြီး ဘက်စုံပညာထူးချွန်သည့် ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာစေရန် ရည်မှန်းပြီး ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ရွေးချယ်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန်ဆုရ အဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၇၀ တို့ကို ဘက်စုံပညာထူးချွန်ဆု အပန်းဖြေစခန်း (ပုဂံ)၌လည်းကောင်း၊ ဘက်စုံပညာထူးချွန်ဆုရ နဝမတန်းကျောင်းသား ကျောင်းသူ ၁၇၀ တို့ကို ဘက်စုံပညာထူးချွန်ဆု အပန်းဖြေစခန်း(အင်းလေး) ၌ လည်းကောင်း၊ဘက်စုံပညာထူးချွန်ဆုရ ဒသမတန်းကျောင်းသား ကျောင်းသူ ၁၇၀ဦးတို့ကို ဘက်စုံပညာထူးချွန်ဆု အပန်းဖြေစခန်း (ငွေဆောင်)၌ လည်းကောင်း၊ အပန်းဖြေအနားယူစေခဲ့ပြီး ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတများကို လေ့လာနိုင်ရန်စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်တွင်းအပန်းဖြေလေ့လာရေးခရီးစဉ်များအပြင် ပြည်ပအပန်းဖြေလေ့လာရေးခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိပါသည်။

ယခုပညာသင်နှစ်တွင် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ ဘက်စုံပညာ ထူးချွန်သူများကို ယမန်နှစ်ကထက်တိုးမြှင့်ရွေးချယ်ပြီး ပြည်တွင်းအပန်းဖြေလေ့လာရေးခရီးစဉ်များ၊ ပြည်ပအပန်းဖြေလေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ အခြေခံပညာကျောင်းသားကျောင်းသူများအား စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတည်းဟူသော သုံးနားညီတြိဂံကို ဖော်ဆောင်ပေးလျက်ရှိသည်။ စိတ်ဓာတ်ကြံ့ခိုင်ဖြူစင်သော စာရိတ္တမဏ္ဍိုင်ဖြောင့်မတ်ပြီး ပြည်သူ့နီတိ၊ လူမှုရေးကျင့်ဝတ်ရှောင်ရန်ဆောင်ရန်တို့ကို စောင့်စည်းနိုင်စွမ်းရှိကာ စည်းကမ်းပြည့်ဝသည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားသော ဘက်စုံပညာထူးချွန်ထက်မြက်သူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိရာ **မိဘဆရာပူးပေါင်း ကလေးပညာကောင်း**ဟူသော ဆောင်ပုဒ်နှင့်အညီ ဘက်စုံပညာထူးချွန်သော နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရေးအတွက် မိဘများပါပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

အသင်းပိုင်မြေ အသုံးချရေး ဆန္ဒခံယူမည်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း အကျိုးစီးပွားကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းပိုင်မြေနေရာ အကျိုးရှိစွာအသုံးချရေးကိစ္စအတွက် အသင်းသား အသင်းသူကိုယ်စားလှယ်များ(အသင်းအဖွဲ့များမှ တရားဝင်ရွေးချယ်ပေးပို့လာသောကိုယ်စားလှယ်များ)ကို ရှင်းလင်းတင်ပြခြင်းနှင့် အများစုဆန္ဒ (လျှို့ဝှက်မဲစနစ်)ခံယူဆုံးဖြတ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်၂၄၉ရှိ ခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ရွှေထူး**

ပုသိမ်ကြီးမြို့နယ် ကြာနီကန်သုသာန်အတွင်း မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၅

မန္တလေးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက မူးယစ်ဆေးဝါး သယ်ယူ၊ သိုလှောင်၊ ရောင်းချသည့် သတင်းများအား စိစစ်ဖော်ထုတ်ရှာဖွေဖမ်းဆီးခြင်း၊ ရှောင်တခင်စီးနင်းရှာဖွေခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေမှုများကြောင့် ဇူလိုင် ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကြာနီကန်သုသာန်အနီး အမှိုက်ပုံ၌ ဆူဒိုအက်ဖီဒရင်း ဆေးပြားအိတ်များ လာရောက်စွန့်ပစ်ထားခဲ့ကြောင်း သတင်းရရှိသဖြင့် ယင်းနေရာသို့ ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးရာ ကြာနီကန်ဗုဒ္ဓဘာသာသုသာန်၏ အနောက်မြောက်ထောင့်ရှိ ဆေးရုံသုံးပစ္စည်းများ စွန့်ပစ်သည့်နေရာတွင် ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြားများ စွန့်ပစ်မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရသည်။

ထိုနေရာအား အသေးစိတ် ဆက်လက်ရှာဖွေခဲ့ရာ ဆေးရုံသုံးပစ္စည်းများ စွန့်ပစ်မီးရှို့သည့်အမှိုက်ပုံတွင် ပလတ်စတစ်ဖြင့်ထုပ်လျက် မီးမလောင်ဘဲ ကျန်ခဲ့သည့် အက်ဖီဒရင်းမှုန့် ၁၅ ကီလိုပါ နှစ်ထုပ်၊ ငါးကီလိုပါ နှစ်ထုပ် စုစုပေါင်း ၄၀ ကီလို၊ Solkuf အမျိုးအစား ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြား ၃၅၂၀၀၀ အလေးချိန် ၃၅ ဒသမ ၂ ကီလိုနှင့် COOLACT အမျိုးအစား ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ဆေးကတ်တစ်ကတ်လျှင် ၁၀ လုံးစီပါ ဆေးကတ် ၇၀၀၀၊ ဆေးပြား ၇၀၀၀၀၊ အလေးချိန် ခုနစ်ကီလို စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၁၀၆၄၀၀၀၀ တို့ **(အောက်ပုံ)**အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။ ယင်းဆေးဝါး များ စွန့်ပစ်ခဲ့သူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပုသိမ်ကြီး ရဲစခန်းကအမှုဖွင့်လှစ်ထားရှိပြီး တရားခံများဖမ်းဆီးရမိရေး ပူးပေါင်းအဖွဲ့များဖြင့် စောင့်ကြည့်သတင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတအမည်သုံးပြီး ငွေလိမ်ခဲ့သူရဲတပ်ဖွဲ့က နေ့ချင်းဖမ်းမိ

သိန်းနီ ဇူလိုင် ၅

နိုင်ငံတော်သမ္မတ၏ အထူးကံစမ်းမဲ ကျပ်သိန်း ၁၅၀၀ ပေါက်နေ၍ ငွေထုတ်ယူရရှိရေး ဆောင်ရွက်ရန်အတွက်ဟုဆိုကာ ငွေလိမ်လည်တောင်းခံမှုတစ်ခု ဖြစ်ပွားခဲ့ပြီး တရားခံအား ရဲတပ်ဖွဲ့က နေ့ချင်းဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃ ရက် ၁၂ နာရီခန့်တွင် သိန်းနီမြို့နယ် ပန်လော့ကျေးရွာနေ ဒေါ်အေးစိန်ထံသို့ ဖုန်း- ၀၉-၄၃၀၄၀၃၀၄ ဖြင့် ဖုန်းဆက်၍ ဒေါ်အေးစိန် ကိုင်ဆောင်သော ဖုန်း- ၀၉-၄၇၃၁၆၀၄၂ မှာ နိုင်ငံတော်သမ္မတက မဲဖောက်သော အထူးကံစမ်းမဲ ငွေကျပ်သိန်း ၁၅၀၀ ပေါက်နေကြောင်းနှင့် ယင်းငွေထုတ်ယူရန်အတွက် စာရွက်စာတမ်းများ ဖြည့်သွင်းရန်နှင့် ငွေလွှဲပို့ရန်အတွက် ငွေကျပ် ၃၈ သိန်းအား ရိုးမဘဏ်မှတစ်ဆင့် ရန်ကုန်မြို့ ဘုန်းကြီးလမ်းရှိ ရိုးမဘဏ်ခွဲသို့ အမြန်ငွေလွှဲပို့ရန် အမည်နှင့် မှတ်ပုံတင်နံပါတ်ပေးပြီး အကြောင်းကြား ငွေတောင်းခံလာခဲ့သည်။

ဒေါ်အေးစိန်က အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခဲ့ရာ လားရှိုးခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့က ငွေလိမ်လည်တောင်းခံသူအား ဖမ်းဆီးရမိရေးအတွက် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဆန်းထွန်းနှင့် ပူးပေါင်းအဖွဲ့က ယင်းနေ့ ညနေ ၃ နာရီခွဲခန့်က ဘဏ်သို့ငွေလွှဲ လာရောက်ထုတ်ယူသူ အောင်မျိုးမင်း အသက်(၃၁နှစ်) နတ်စင်လမ်း လှိုင်သာယာမြို့နေသူအား ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်အား သိန်းနီမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

နေမျိုးနွယ်

ဆင်ဖြူရှင်တံတားတိုင်အား ဝင်ရောက်တိုက်မိ နစ်မြုပ်သည့်စက်လှေမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ရေစကြို ဇူလိုင် ၅

ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မင်းရွာကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာများအား ဆက်သွယ်တည်ဆောက်ထားသည့် ဆင်ဖြူရှင်တံတား ရေလယ်တိုင်အား စက်ပျက်မျောလာသည့် စက်လှေတစ်စင်းမှ ဝင်ရောက်ချိတ်မိကြောင်း သတင်းရရှိသဖြင့် မအူပင်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆင်ဖြူရှင် တံတားတာဝန်ခံနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့နယ် ချောင်းဦးသာရွာနေ အောင်နိုင်ထွန်း (၄၀ နှစ်)နှင့် အေးမင်းစိုး (၂၃ နှစ်)တို့ မောင်းနှင်လာသည့် အလျား ၂၂ ပေ အနံလေးပေခန့်ရှိ မြင်းကောင်ရေခြောက်ကောင်ခွဲ ဟွန်ဒါစက်တပ် အဖြူရောင် စက်လှေသည် မုံရွာမှ ပခုက္ကူမြို့သို့ မောင်းနှင်လာစဉ် စက်ပျက်ပြီး ရေစကြိုဘက်ကမ်းတံတားရေလယ်တိုင် အမှတ်(၈) အောက်ခြေကလပ်ခုံအား ဝင်ရောက်တိုက်ချိတ်မိကာ နစ်မြုပ်သွားခဲ့သည်။ ထိုသို့ တိုက်မိမြုပ်ခဲ့သောကြောင့် တံတားရေလယ်တိုင်နှင့် ကလပ်ခုံတို့ ပျက်စီးဆုံးရှုံးမှုမရှိဘဲ စက်လှေတွင် လုံးပတ်နှစ်ပေ အရှည်ပေ ၃၀ ခန့်ရှိ အင်သစ်မျောတိုင် ၁၀ လုံး အလေးချိန် တစ်တန်ခန့်အား တရားမဝင် သယ်ဆောင်လာကြောင်း တွေ့ရှိရသဖြင့် မျောတိုင်များအား ဆယ်ယူရေး သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး အမှုဖွင့်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုကိုရှုပ**

● ကျောဖုံးမှ

မှုဘောင်နှင့် ကိုက်ညီခြင်းမရှိသဖြင့် ဆောင်ရွက်ပေးခြင်း မရှိပါကြောင်း၊ အမည်ဖြည့်စွက်ပြင်ဆင်ခြင်းသည် အမည်ကြောင့် အခက်အခဲဖြစ်နေသည့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးနှင့်ပတ်သက်သော အခက်အခဲမဖြစ်စေရေးနှင့် ဝန်ထမ်းများ၏ အမည်ကွဲလွဲမှုကြောင့် ပင်စင်နှင့် အခြားအခက်အခဲပြဿနာများအား ဖြေရှင်းနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ပေးခြင်းသာ ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အလားတူ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၏ **မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းအား မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးရောင်းချရာတွင် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရမည့် ဆေးဝါးများကို မှတ်ပုံတင်ရရှိပြီးသော ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန် (သို့မဟုတ်) တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးဦး၏ ဆေးညွှန်းစာဖြင့် ဝယ်ယူခြင်းမှတစ်ပါး မည်သူ့ကိုမျှရောင်းချခြင်း မပြုရဟု သတ်မှတ်ထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် ဆေးဆိုင်များသို့ ပုံမှန်ကွင်းဆင်းစစ်ဆေးရန်နှင့် ဆေးဆိုင်များမှ စပ်ဆေးရောင်းချခြင်း မပြုရန်၊ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဆေးဝါးရောင်းချရန်တို့ကို လိုက်နာမှု ရှိ/မရှိ စစ်ဆေးကြီးကြပ်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနများသို့လည်း ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ကွင်းဆင်းစိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သောက်ဆေးများကို အလွယ်တကူဝယ်ယူပြီး သောက်နေကြခြင်းကြောင့် အန္တရာယ်များစွာ ရှိနေသဖြင့် တရားမဝင်ဆေးဝါးများနှင့် ပတ်သက်၍ အများပြည်သူများ သိရှိစေရန် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တရားမဝင်ဆေးဝါးကိစ္စတွင် ကျန်းမာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်း၍ စစ်ဆေးဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကဆေးဝါးစီမံချက်အရ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးအသုံးပြုခြင်းနှင့်ပတ်သက်၍ ဆရာဝန်များ၊ သူနာပြု၊ ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများပုံမှန်ပို့ချပေးခြင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် စံညွှန်းကုထုံးလက်စွဲစာအုပ်များပြုစု၍ ဆေးညွှန်ခြင်း၊ ထိုးဆေးများသုံးစွဲစေခြင်းများအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ ပြန်လည်ဖြေကြားမှုအပေါ် မေးခွန်းရှင် **ဒေါက်တာတင်မောင်ကြိုင်**က "ဝန်ကြီးပြောသွားတာကတော့ တော်တော်လေးပဲပြည့်စုံပါတယ်။ သို့သော်လည်း စီစဉ်မှုတွေ အများကြီးရှိနေပေမယ့်လို့ တကယ် အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းနေတာတွေ ရှိပါတယ်၊ ဒါကိုတော့ ဝန်ကြီးလည်းပြောသွားပါတယ်။ အမှန်ကတော့ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပြီးတော့ လုပ်မှသာရမယ့်ကိစ္စ ဖြစ်ပါတယ်။

ပြည်သူတွေ အနေနဲ့ကလည်း ဆေးဝါးစရိတ်မတတ်နိုင်တော့ အချို့က ပြင်ပလူနာဌာနပျောက်နေတယ်လို့ပြောတာမျိုးရှိပါတယ်။ ဘာလို့ ပျောက်ရလည်းဆိုတော့ ပြင်ပလူနာဌာနမှာက စရိတ်မျှပေးဖြစ်တဲ့အတွက် လိုအပ်တဲ့ဆေးတွေကို ဝယ်ရတယ်။ ထိုးဆေးပါပြီဆိုရင် အနည်းဆုံး တစ်ထောင်၊ နှစ်ထောင်လောက် ပေးရတယ်။ ဒါပေမယ့် ပြည်သူလူထုက တစ်ထောင်၊ နှစ်ထောင်ကို မတတ်နိုင်တော့ နီးစပ်ရာဆေးဆိုင်တွေကိုသွားပြီး စပ်ဆေးဆိုတဲ့ဟာတွေကို သုံးနေတာဖြစ်ပါတယ်။ ဒါဟာ အင်မတန်အန္တရာယ်များတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်ရပ်နားခဲ့ပြီး အစည်းအဝေး နဝမနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများအား အမေရိကန်ပြည်ထောင်စုအခြေစိုက် Blue Moon Fund မှ Vice President လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီတို့အား အမေရိကန်ပြည်ထောင်စုအခြေစိုက် Blue Moon Fund မှ Vice President Dr.Zhang Ji Qiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်၊ ကော်မတီအဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လုံလောက်ပြည့်ဝသော စွမ်းအင်ဖြည့်ဆည်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုတို့ အပြန်အလှန်ထိန်းညှိရန် အရေးကြီးမှု၊ ဧရာဝတီမြစ်အပါအဝင် ဘက်ပေါင်းစုံ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆွေးနွေးပွဲ ကျင်းပခဲ့မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးကန်ကြီးဖြစ်သကဲ့သို့ အရှေ့တောင်အာရှတွင်လည်း အကြီးဆုံးကန် ဖြစ်သည်ကို သိရှိရပါကြောင်း၊ သဘာဝအမွေအနှစ်ဖြစ်သည့် အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်ကို မူလနဂိုအတိုင်းရှိနေရန်၊ မပျက်စီးရန်အတွက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတွင် အဓိကတာဝန်ရှိသည်ဟု ယူဆပါကြောင်း၊ ပြည်ထောင်စုအစိုးရက တာဝန်ပေးဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန တစ်ခုတည်းနှင့်မလုံလောက်ဘဲ ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများနှင့် ဒေသခံပြည်သူတို့ အသိတရားရှိရှိနှင့် ပူးပေါင်း ဆောင်ရွက်သွားကြမှသာ အပြည့်အဝ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူများနှင့်အတူ အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

အင်းတော်ကြီးကန် ပြုပြင်ရေးဆောင်ရွက်ခြင်းနှင့် ပျက်စီးသွားသည့် လယ်မြေများကို စိုက်ပျိုးနိုင်သည့် အဆင့်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ကွင်းဆင်းစိစစ်၍ လိုအပ်သလို ဘတ်ဂျက်တောင်းခံ ပြင်ဆင်ပေးရန် တင်ပြလိုကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က တရားမဝင်ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန်အတွက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်း တာဝန်ယူရသည့် အဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံဒေသမှပြည်သူများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမှသာလျှင် အင်းတော်ကြီးကန်ပတ်ဝန်းကျင်တွင် တရားမဝင် ရွှေတူးဖော်နေမှုကြောင့် ကန်သောင်ထွန်းနေမှုနှင့် လယ်မြေများပျက်စီးမှုအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များပျက်စီးခြင်းတို့ကို ကာကွယ်ထိန်းသိမ်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အထက်တင်ပြပါအတိုင်း ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်ပြီး ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားရန် ရှိပါသဖြင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရှိပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပပြီးစီးပြီးသည်။

(သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်စည်းဝေး

နေပြည်တော် ဇူလိုင် ၅

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၃) ပထမနေ့ကို ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကတိသစ္စာပြု

အစည်းအဝေးတွင် အစားထိုးပြောင်းလဲထားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ကတိသစ္စာပြုသည်။

ထို့နောက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဆွေးနွေးခြင်းနှင့် ဥပဒေမူကြမ်းအတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံရောက် လွှဲပြောင်းအလုပ်သမား ၁၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်အပ်နှံ

တာချီလိတ် ဇူလိုင် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက ခရိုင်၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံလဝက ဦးစီးအရာရှိ နထဝပ်ဆန်ဒူအမ်း၊ မယ်ဆိုင်ခရိုင် လဝကမှူး ဖနော်ကျာလူဖက်၊ မယ်ဆိုင်ခရိုင် ဒုတိယလဝကမှူး ဆတ်ဒါးရန်စုကျမ်းနှင့် ဒုတိယလဝကမှူး ယဆဲန်ခုမ်ဟန်ဆန်တို့က အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် လာရောက်လွှဲပြောင်းပေးသော အလုပ်သမား ၁၅ ဦးအား လွှဲပြောင်းလက်ခံခဲ့ကြောင်းသိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၅ ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကျောင်းတွင် အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့်ခုနစ်ရက် ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၄င်းတို့သည် လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၁၅ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ၄င်းတို့၏ မိဘဆွေမျိုးများထံ မွန်းလွဲ ၂ နာရီခွဲက ခံဝန်ကတိဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက် မှ ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား စုစုပေါင်းမှာ ကျား ၄၆၈၂ ဦး၊ မ ၁၅၁၂ ဦး စုစုပေါင်း ၆၁၉၄ ဦး ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဇူလိုင် ၅

၂၀၁၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးတို့က တိုင်းဒေသကြီး၊ ပြည်နယ်ဗဟိုအဆင့်ဆုရရှိသူ ထူးချွန်အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ဇနီး၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်းက ဆံကေသာအလှမယ်ပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်မြို့နယ်၊ ဒုတိယဆုရ ရေးမြို့နယ်၊ တတိယဆုရ သထုံမြို့နယ် ကိုယ်စားပြုအလှမယ်များကိုလည်းကောင်း၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ထားမြင့်က အရပ် ၅ ပေ ၃ လက်မအောက် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆုရ သံဖြူဇရပ်မြို့နယ်၊ ဒုတိယဆုရ သထုံမြို့နယ်၊ တတိယဆုရ မော်လမြိုင်မြို့နယ် ကိုယ်စားပြုအလှမယ်များကိုလည်းကောင်း၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က အရပ် ၅ ပေ ၃ လက်မအထက် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမဆုရ မုဒုံမြို့နယ်၊ ဒုတိယဆုရ ရေးမြို့နယ်၊ တတိယဆုရ မော်လမြိုင်မြို့နယ် ကိုယ်စားပြုအလှမယ်များအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (စာအုပ်ဆိုင်)

စာပေချစ်မြတ်နိုးသူများ၊ အလွယ်တကူဝယ်ယူမှု အဆင်ပြေစေရန်အတွက် သိမ်ဖြူလမ်းမှ အမှတ် ၁၇၃/၁၇၅၊ ပန်းဆိုးတန်းလမ်း(လယ်)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားရှိပါသည်။

ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ အထွေထွေဗဟုသုတ၊ အတ္ထုပ္ပတ္တိ၊ ဥပဒေ၊ အင်္ဂလိပ်စကားပြော၊ အဘိဓာန်၊ကလေးများအတွက်ပုံပြင်၊ အင်္ဂလိပ်ပုံပြအဘိဓာန်၊ ကွန်ပျူတာ၊ ရာဇဝင်များ၊ မြန်မာ့စွယ်စုံကျမ်းနှင့်နှစ်ချုပ်များ၊ အခြားသော ဗဟုသုတရဖွယ်နှင့် ဖတ်ကောင်းဖွယ်စာအုပ်များကို လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar သတင်းစာများအတွက် ကြော်ငြာများကိုလည်း နေ့စဉ်ပိတ်ရက်မရှိ ပြည်သူ့စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကြော်ငြာဌာန ဖုန်း - ၀၁-၂၄၈၁၀၁၊ ၂၄၃၅၂၄၊ Fax-၂၄၂၂၄၇
စာအုပ်ဆိုင် ဖုန်း - ၂၄၈၁၀၂

စာပေဆည်းပူးခြင်းဖြင့် ဗဟုသုတသိုမှီးပါ
ကြော်ငြာခြင်းဖြင့် အောင်မြင်မှုကိုရယူပါ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ပရိသတ်များ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဥပွါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်သမ္မတသည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသောပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ပြန်လည်ချီးမြှင့်

ထို့နောက် နိုင်ငံတော်သမ္မတက

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဘော်ပေါ်က ကိုယ်တိုင်ကြော်ငြာ ကိုယ်တိုင်ရောင်းဈေးသည်များ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန် ဒလမြို့နယ်နှင့် ပန်းဆိုးတန်းဆိပ်ကမ်းကို ပြေးဆွဲလျက်ရှိသော သဘော်များပေါ်တွင် ဈေးမရောင်းရဟု သတ်မှတ်ထားသော်လည်း ဈေးသည်များ အများအပြား တွေ့ရှိနေရသည်။

သဘော်ပေါ်တွင် ရောင်းချသော ပစ္စည်းအများစုမှာ အရည်အသွေးမပြည့်သော၊ အစစ်မဟုတ်သော၊ ရောင်းမကုန်သော၊ လူကြိုက်မများသော ပစ္စည်းများဖြစ်သည်ဟု ခရီးသွားအများစုက သတ်မှတ်ထားကြသည်။

ဈေးသည်များက ကိုယ်တိုင်ကြော်ငြာပြီး ကိုယ်တိုင်ရောင်းချကြသည်။ ဥပမာ အစွန်းချွတ်ဆေးများကို ကြော်ငြာရာ၌ မိမိအဝတ်ပေါ်တွင် ကွမ်းတံတွေးပေစေလျက် အစွန်းချွတ်ဆေးခြင့် ချက်ချင်းချွတ်ပြပြီး ရောင်းချကြော်ငြာကြခြင်းမျိုး ဖြစ်သည်။ အချို့က ရုံတင်ပြသလျက်ရှိသော နိုင်ငံခြားဇာတ်ကားများထဲမှ ဇာတ်လမ်းအကြောင်းအရာများကို ပြောပြပြီး ရောင်းချကြသည်ကိုလည်း တွေ့နိုင်သည်။

ခရီးအသွားအပြန် ပင်ပန်းနွမ်းနယ်နေသော ခရီးသွားများအား စိတ်အနှောင့်အယှက်များ ဖြစ်စေကြောင်း၊ ခရီးသွားနည်းသော အခေါက်များတွင် ဈေးသည်ကပိုများနေတတ်ကြောင်း၊ တစ်ခါတစ်ရံ ဈေးသည် ၂၀ ခန့်ရှိတတ်ကြောင်း၊ ကလေးဈေးသည်များကို တွေ့ရကြောင်း၊ တောင်းရမ်းသူများကိုလည်း တွေ့ရသည့်အတွက် နိုင်ငံ့ဂုဏ်သိက္ခာကို ညစ်နွမ်းစေကြောင်းဖြင့်လည်း နေ့စဉ်စီးနင်းသူ ခရီးသည်အချို့ထံမှ ပြောကြားသံများ ရှိနေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် ဒလဆိပ်ကမ်းဘက်သို့ တစ်ချက်လောက် လှည့်ကြည့်ပေးပါဦးဟု ရေးသားတင်ပြလိုက်ရပါသည်။

ဗညားမောင်မောင်

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဗလာစာအုပ်များလှူဒါန်း

နေပြည်တော် ဇူလိုင် ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအဖုံးပါ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အထက(၃)၌ ကျင်းပသည်။ အခမ်းအနားသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးတက်ရောက်ခဲ့ပြီး ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေးပြောကြားခဲ့ကြောင်းနှင့် ယခုလှူဒါန်းသည့် စာအုပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ အထက၊ အလကကျောင်းများကို ဖြန့်ဝေပေးကြောင်းသိရသည်။ **(အောက်ပုံ)**

(၁၄၅)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မုံရွာ ဇူလိုင် ၅

ယခုရာသီသည် ခြင်ပေါက်ဖွားသော မိုးရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလာရပ်ကွက် သလာလူငယ် ပရဟိတကျောင်းတွင် ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ဒေသန္တရကျန်းမာရေးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညွန့်စိန်၊ မြို့နယ်လက်ထောက်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက်က ဈေးမမှာရုံ၌ကျင်းပရာ အသင်းသား ၁၆၆ ဦးသို့ အသင်း၏ အစုပေါ်အမြတ်ငွေကျပ် ၅၃၀၀၀၀ နှင့် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၇၄၇၉၀၀ကို အသင်းသားတစ်ဦးချင်းသို့ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းက ပေးအပ်စဉ်။ (၀၂၁)

ပြည်တွင်းသတင်း

…ာပရိသတ်များ …ှဆောက်တည် … ဆရာတော်ကြီး …င့်တော်မူသည့် …ားတော်များကို

…းမြှင့်

…တော်သမ္မတက

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက သီရိလင်္ကာနိုင်ငံမှ ဆက်ကပ်လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်၊ ဓာတ်တော်နှင့်ဆံတော်တို့ကို ပြန်လည်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဦးညွန့်ထွန်းနှင့် ဇနီးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာလင်္ကာရထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

…း ဆက်ကပ်

(သတင်းစဉ်)

…ဆောင်ရွက်

…ဌာနမှ မြို့နယ် …များက ကွင်း …ကြောင်း သိရ

…းလွန်တုပ်ကွေး …င်းရေးလုပ်ငန်း …ာသို့ မြို့နယ် … ဒေါက်တာ …ာ်လက်ထောက်

ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်မြင့်အေး၊ မြို့နယ်ကျန်းမာရေးမှူး ဦးမြင့်ဆွေနှင့် ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျောင်းဝင်းအတွင်း ကျောင်းသားများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ရှင်းလင်းဟောပြောပြီး ရေတွင်းရေကန်များသို့ အဘိတ်ဆေး (ABATE) ခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းစဉ်များ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သန့်ရှင်းလတ်ဆတ်သော အသားများ စားသုံးနိုင်ရန်အတွက် အသားများစစ်ဆေး

ကျောက်ကြီး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့်အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးအဖွဲ့ဦးစီးဌာနမှ ဒေါက်တာ နော်ဘာဆိုဝါးနှင့် ဒေါက်တာဇော်မင်းဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် နတ်သံကွင်းမြို့ စည်ပင်သာယာရေး ဈေးအတွင်း ရောင်းချလျက်ရှိသည့် ဝက်သား၊ အမဲသား၊ ကြက်သားများ အသားလတ်ဆတ်မှုရှိမရှိစသည့် ကျန်းမာရေး စစ်ဆေးမှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရည်ရွယ်လုပ်ဆောင်

ယခုကဲ့သို့ ဈေးအတွင်း အများပြည်သူများ ရောဂါကင်းရှင်းပြီး လတ်ဆတ်သော အသားများကို စားသုံးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ပေါ်ပင်ဆောင်ရွက်ခြင်းမျိုးမလုပ်ဘဲ ပုံမှန်ဆောင်ရွက်ခြင်းမျိုးကို မြို့ခံ၊ နယ်ခံများက လိုလားကြကြောင်း သိရှိရသည်။

(နော်လော်မူ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကယားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၆/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ကယားပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ကယားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်စိုးအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မ ခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ ဗိုလ်မှူးကြီးဇော်မျိုးတင်အား ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၇/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

မကွေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

မကွေးတိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအံ့ဇော်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးဇော်လင်းအောင်အား မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အခမဲ့လေယာဉ်စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာရွှေ့ပြောင်းလုပ်သား ၁၅၉ ဦး မလေးရှားနိုင်ငံမှ ထပ်မံရောက်ရှိ

ရန်ကုန် ဇူလိုင် ၅

သီတဂူ ဆရာတော်ကြီး၏ သီတဂူ အထောက်အကူပြုအဖွဲ့ (မလေးရှား)၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့ ပူးပေါင်း၍ ကွာလာလမ်ပူ-ရန်ကုန် ဒုတိယအကြိမ်မြောက် အခမဲ့လေယာဉ်စင်းလုံးဖြင့် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက မြန်မာရွှေ့ပြောင်း လုပ်သား ၁၅၉ ဦး မလေးရှားနိုင်ငံမှ ထပ်မံရောက်ရှိလာခဲ့သည်။ **(အောက်ပုံ)**

ဇူလိုင် ၄ ရက်အထိ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာလုပ်သားဦးရေသည် ၇၈၂၇ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

သီတဂူ ဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွင်းရေးမှူး ဦးဟန်က "ဒီနေ့ ပြန်လာကြတဲ့သူတွေဟာ မြင်းခြံ၊ မုံရွာ၊ မကွေး၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်း၊ ဆိပ်ကြီးခနောင်တို၊ စစ်တွေ စသဖြင့် နေရာအစုံကပါပဲ၊ နောက်ထပ်ပြန်ချင်လို့ လာရောက်ဆက်သွယ်ထားတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား ၃၅၀၀ လောက်ရှိသေးပါတယ်။ သူတို့တွေကို ပြန်ခွင့်ရအောင် သီတဂူအဖွဲ့၊ ကမ္ဘောဇနှင့် MAI တို့ လက်တွဲပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) နှင့် ကမ္ဘောဇပူးပေါင်း၍ အခမဲ့စင်းလုံးငှား လေယာဉ်ခရီးစဉ်ကို ဇွန် ၂၉ ရက်က ပထမဆုံးအကြိမ်အဖြစ် စတင်ခဲ့ကာ မြန်မာရွှေ့ပြောင်းလုပ်သား ၁၇၅ ဦး လိုက်ပါခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် အခမဲ့ခရီးစဉ်ဖြစ်ကြောင်းနှင့် ဤကဲ့သို့ အခမဲ့ခရီးစဉ်များကိုလည်း ထပ်မံပံ့ပိုးသန်းပေးသွားမည်ဖြစ်ကြောင်းကိုလည်း MAI မှ ဈေးကွက်နှင့် လူမှုဆက်ဆံရေးမန်နေဂျာ ဒေါ်အေးမရသာက ပြောပြခဲ့သည်။

မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် လုပ်သားများ အလုပ်အကိုင် ရရှိရေးအတွက်ကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက "မလေးရှားက ပြန်လာတဲ့ အလုပ်သမားများထဲမှ အလုပ်လုပ်ကိုင်လိုသူတွေကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှာ အလုပ်ရှင်များနဲ့ တိုက်ရိုက် တွေ့ဆုံစေပါတယ်။ အထည်ချုပ်စက်ရုံ၊ စားသောက်ကုန်လုပ်ငန်း၊ လျှပ်စစ်နှင့်ဆက်စပ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၊ လုံခြုံရေးကုမ္ပဏီများ၊ ဟိုတယ်များ၊ ယာဉ်မောင်း လိုချင်သည့် အလုပ်ရှင်များ ပါဝင်ကြပါတယ်။ အလုပ်ရှင်တွေက သူတို့လိုချင်တဲ့ အလုပ်သမားရဲ့ ကျွမ်းကျင်မှုကိုကြည့်ပြီး ရွေးချယ်ခန့်ထားပေးနေပါတယ်" ဟု ပြောပြခဲ့သည်။ **(နန္ဒာဝင်း-သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ ၅-၇-၂၀၁၃

ကော့သောင်းမြို့	၃ ဒသမ ၃၁ လက်မ
မာန်အောင်မြို့	၃ ဒသမ ၂၇ လက်မ
ညောင်လေးပင်မြို့	၂ ဒသမ ၆၈ လက်မ
တောင်တွင်းကြီးမြို့	၂ ဒသမ ၄၈ လက်မ
သာယာဝတီမြို့	၂ ဒသမ ၄၀ လက်မ
မော်လမြိုင်မြို့	၂ ဒသမ ၃၆ လက်မ
မိုင်းဆတ်မြို့	၂ ဒသမ ၃၂ လက်မ
ဥက္ကံမြို့	၂ ဒသမ ၂၄ လက်မ
မြောင်းမြမြို့	၂ ဒသမ ၀၅ လက်မ

အာဆီယံစကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (Hanns Seidel Foundation)တို့ ပူးပေါင်းကျင်းပမှုဖြင့် အာဆီယံစကားဝိုင်းဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများ၊ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းတိုးတက်ဖြစ်ပေါ်မှုများကို မြန်မာနိုင်ငံ၏ ပြောင်းလဲရေးဖြစ်စဉ်များအဖြစ် ထင်ဟပ်ဆွေးနွေးမည်ဖြစ်ကာ ကျွမ်းကျင်သူများ၏ အမြင်နှင့် တက်ရောက်လာသော မီဒီယာများနှင့် ပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များလည်း ပါဝင်ကြောင်း သိရသည်။

ကျင်းပ

အဆိုပါ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဇူလိုင် ၁၁ ရက်နောက်ဆုံးထား၍ myanmar@hss.de နှင့် ဟန်းဆိုင်ဒယ်ရုံး ဖုန်း ၀၁-၆၆၇၂၂၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ရန်ကင်းမြို့နယ်အတွင်း စာပေရေချမ်းစင်များ ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၅

ဇူလိုင် ၁ ရက်က ရန်ကင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်စာပေရေချမ်းစင်များကို ဖွင့်လှစ်ခဲ့သည်။ မြို့နယ်အတွင်းရှိ ရန်ကင်းစင်တာ၊ ကလေးဆေးရုံကြီး၊ ရန်ကင်းဈေး၊ ကံဘဲ့ဘူတာ၊ ၁၂ လုံးတန်းကားမှတ်တိုင်၊ ကျောက်ကုန်းကားမှတ်တိုင်များ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ Mini Book Corner မှာ အလားပေ ၂၊ အနံ ၂ပေ စာအုပ်ထည့်ယူရန် အိတ်များကိုစက္ကူဖြင့်ပြုလုပ်ထားပြီး ၎င်းတို့တွင် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အတ္ထုပ္ပတ္တိများကို ဖတ်ရှုနိုင်မည် ဖြစ်သော်လည်း လစဉ်အလိုက် စာအုပ်အသစ်များကို ပြောင်းလဲထည့်သွင်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သန်းမောင်-ရန်ကင်း

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပျော်ဘွယ်ရောက် မိတ္ထီလာမိသားစုများ နေရပ်ပြန်ပြီ

မိတ္ထီလာ ဇူလိုင် ၅

နေရပ်ဒေသဖြစ်သောမိတ္ထီလာမြို့သို့ ပျော်ဘွယ်မြို့ ပယင်းတော် ယာယီကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်မိသားစုဝင်များ ဇူလိုင် ၄ ရက်နေ့လယ်ပိုင်းက ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

"အောင်ဇေယျာရပ်ကွက် နယ်မြေ(၂)က အိမ်ထောင်စု ၂၀၊ မိသားစုဝင် ၁၂၇ ဦးနဲ့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၅)က အိမ်ထောင် စု ၂၄ စု၊ မိသားစုဝင် ၁၃၅ ဦးတို့ကို သူတို့နေထိုင်ရာ ရပ်ကွက်နယ်မြေများအတွင်း ပြန်လည်နေထိုင်ခွင့်ပြုခဲ့တာပါ။ ကျောက်ဆည် ဆူးလေကုန်းမှာရောက်ရှိနေတဲ့ မိသားစုဝင်တွေလည်း မကြာမီ ပြန်လည်ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ မိတ္ထီလာမြို့မှာ အရေးပေါ်ကာလသက်တမ်း နှစ်လထပ်တိုးပေမယ့် နယ်မြေတည်ငြိမ်အေးချမ်းမှုက ပုံမှန်အတိုင်းလို ပြန်ဖြစ်နေပါပြီ။ မြို့ပေါ်ရပ်ကွက်တွေဖြစ်တဲ့ အောင်ဇေယျာ၊ ရန်မျိုးအောင်၊ မြို့မ၊ နန်းတော်ကုန်း၊ အောင်ဆန်း၊ ဝန်ဇင်း၊ သီရိမင်္ဂလာ၊ ပြည်သာယာ(တောင်)၊ ပြည်သာယာ(မြောက်)၊ ရတနာမာရ်အောင် စတဲ့ရပ်ကွက်တွေမှာလည်း နေအိမ်ပျက်စီးမှုမရှိတဲ့ မိသားစုဝင်တွေကို ပြန်လည်နေရာချထားပေးပြီး ဖြစ်ပါတယ်" ဟု မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတ် ၂၀ ရက်က စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်အတွင်း ဆူပူအကြမ်းဖက်မှုများကို ကြောက်လန့်တကြား တိမ်းရှောင်သွားကြရာမှ အစ္စလာမ်ဘာသာဝင် မိသားစုအချို့သည် ကျောက်ဆည်မြို့ ဆူးလေကုန်းရပ်နှင့်ပျော်ဘွယ်မြို့ ယင်းတော်ဒေသသို့ ရောက်ရှိသွားကြပြီး အခြားမိသားစုဝင်အများစုသည် သက်ဆိုင်ရာတာဝန်ရှိသူများ တာဝန်ယူစောင့်ရှောက်ထားသည့် ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေထိုင်ခဲ့ကြသည်။ ယခုအခါ ယာယီကယ်ဆယ်ရေးစခန်းများရှိ နေအိမ်ပျက်စီးမှုမရှိသော မိသားစုဝင်များကို ၎င်းတို့နေထိုင်ရာ ရပ်ကွက်နယ်မြေများတွင် ပြန်လည်နေရာချထားပေးပြီးဖြစ်သောကြောင့် အစ္စလာမ်ဘာသာဝင် ကယ်ဆယ်ရေးစခန်းသုံးခုနှင့် ဗုဒ္ဓဘာသာဝင် ကယ်ဆယ်ရေးစခန်းနှစ်ခုတွင် လူဦးရေစုစုပေါင်း ၈၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ဖြိုးမောင်မောင်

အရပ်ထက်ရှည်သည့် ဆံကေသာပိုင်ရှင်

နတ်မောက် ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့သည် ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုပွဲအခမ်းအနားကို ကြီးမှူးကျင်းပရာ မြန်မာအမျိုးသမီးများ၏ ဆံကေသာအလှပြိုင်ပွဲတွင် အရပ်အမောင်းထက်ပိုရှည်သည့် ဆံကေသာပိုင်ရှင် အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့ရသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင်အခမ်းအနားမှူး ဒေါ်အေးအေးဝင်းက မြန်မာအမျိုးသမီးများ၏ ဘုန်းဆံထုံးဟု ဆိုသကဲ့သို့ ဆံကေသာရှည်ပိုင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားပြောကြားခဲ့သည်။ အဆိုပါ အမျိုးသမီး မဉမ္မာရီ (၂၇ နှစ်)သည် အရပ် ၅ ပေ ၂ လက်မ၊ ဆံကေသာအရှည် ၅ ပေ ၆ လက်မဖြစ်ကာ တောင်သူအလုပ်လုပ်ကိုင်ပြီး နတ်မောက်မြို့နယ် ညောင်ပင်သာကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။ မျိုးရိုးစဉ်ဆက် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များဖြစ်သကဲ့သို့ ဆံကေသာရှည်ချင်သလောက်ရှည်ပါစေ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အဆိုပါ အမျိုးသမီးလေးက ဆိုသည်။ မဉမ္မာရီ၏ ဆံကေသာများသည် သူမ၏ခန္ဓာကိုယ်ကိုပင်အုပ်ရလောက်အောင် ထူထပ်မှုရှိခြင်းကိုလည်း တွေ့ရသည်။

နတ်မောက်သား

ဖားကန့်တွင် မြန်မာအမျိုးသမီးများနေ့ ကျင်းပ

ဖားကန့် ဇူလိုင် ၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ဖားကန့် အထက ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီထွန်းက အမျိုးသမီးများ သိကောင်းစရာအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါက်တာခင်လင်းမော်က နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးမှူး ဦးကျော်လေးက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းအောင်ဂုဏ်ထူးရ ကျောင်းသူ ၁၀၈ ဦးနှင့် ထူးချွန်အမျိုးသမီးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

ဗန်းမော်မြို့၌ တန်ဖိုးနည်းဖုန်းများရောင်းချ

ဗန်းမော် ဇူလိုင် ၅

ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဆင်းကတ်များ မဲဖောက်ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉နာရီခွဲက ဗန်းမော်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဆင်းကတ်များ အချိုးကျခွဲဝေ၍ မဲစနစ်ဖြင့်ရောင်းချပေးခဲ့သည်။

ဝမ်းပန်းတသာ

ဖုန်းအလုံးရေ ၆၅၀ ရရှိရာတွင် သုံးပုံနှစ်ပုံကို ရပ်ကွက်၊ ကျေးရွာပြည်သူများအား မဲစနစ်ဖြင့် ရောင်းချပေးပြီး သုံးပုံတစ်ပုံကို ခရိုင်၊ မြို့နယ်ဌာန ဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများအား ရောင်းချပေးသည်။ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများရှေ့တွင် မဲစနစ်ဖြင့် ခွဲဝေရောင်းချပေးခဲ့သဖြင့် ဒေသခံပြည်သူများ တန်ဖိုးနည်းဖုန်း ပြောဆိုခွင့်ရရှိကြပြီဖြစ်၍ ဝမ်းပန်းတသာရှိနေကြသည်။

ဆီမီးခုံ-နန်းရီ

နဂါးမောက်ခြံ ဖြစ်ထွန်းအောင်မြင်

မန္တလေး ဇူလိုင် ၅

ပုပ္ပားတောင်နှင့် ကျောက်ပန်းတောင်းမြို့ကြား လမ်းဘေးဝဲယာတွင် နဂါးမောက်ခြံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း တွေ့ရသည်။ ကျောက်တုံးကျောက်ခဲပေါများသောနေရာဖြစ်၍ ယခင်စိုက်ပျိုးရေးလုပ်ငန်းများကို အဖြစ်သာလုပ်ကိုင်ခဲ့ရာမှ ယခုအခါတွင် ကျောက်များကို ဖယ်ရှားရှင်းလင်းပြီး စနစ်တကျ မြေယာပြုပြင်ကာ စိုက်ပျိုးလာကြခြင်းဖြစ်သည်။

နဂါးမောက်ပင်ကို မစိုက်ပျိုးမီ မြေဆွေးထည့်ပြုပြင်ပြီး စိုက်ပါက ဓာတ်မြေဩဇာသုံးစွဲရန်မလို၊ ပိုးမွှားကျရောက်ခြင်းလည်းကင်းပြီး တစ်ခါတစ်ရံ ပုရွက်ဆိတ်ဆေးလောက်သာ သုံးရ၍ ကုန်ကျစရိတ်သက်သာကာ နဂါးမောက်သီး တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ကျပ်အထိ ဈေးရ၍ တွက်ခြေကိုက်သောသီးနှံဖြစ်သည်။ နဂါးမောက်ပင်သည် ၁၀ နှစ်ကျော် ၁၅ နှစ် ရှင်သန်သော အပင်မျိုးဖြစ်ပြီး ဇွန်လဆန်းမှ နိုဝင်ဘာလကုန်အထိ အသီး သီးသည်။ ပျိုးပင်ရင့်ရင့်နှင့် ပျိုးထောင်ရက်ရအပင်များကို စိုက်ပါက နှစ်ချင်းအသီးရပြီး တစ်နှစ်တည်းနှင့်ပင် အရင်းကျေကြောင်း သိရသည်။

အေးမြ(မန္တလေး)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) တင်ဒါအမှတ်-၂ (၂၀၁၃-၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ကျောက်အမျိုးအစား	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။	ရွယ်စုံကျောက်	၂၉၁၇.၀၀ ကျင်း	ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း
			ကြံခင်း-မြန်အောင်လမ်း
၂။	ချောင်းကျောက်စရစ်	၄၈၀.၀၀ ကျင်း	ကြံခင်း-ဘက်ရဲလမ်း
၃။	မြစ်သဲ	၁၆၁.၀၀ ကျင်း	

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၇-၂၀၁၃ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးလေးလမ်း၊ ဟင်္သာတမြို့

တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁၈-၇-၂၀၁၃ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၅-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်တွင် ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဟင်္သာတခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၄၄-၂၁၀၃၃

မွေးနေ့ဆုတောင်း

ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသော သားရတနာလေး **မောင်သန့်တည်ကြည်** ၏ ၆-၇-၂၀၁၃ရက်တွင် ကျရောက်သော တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်အနှစ်(၁၂၀)တိုင် အသက်ရှည်အနာမဲ့စွာဖြင့် လောကကောင်းကျိုး ဦးဆောင်ထမ်းပိုးဆောင်ရွက်နိုင်သော လူကောင်းလူတော်လေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဖေဖေ ဗိုလ်မှူးတိုးနိုင်ထက် - မေမေ ဒေါက်တာ ယမင်းနိုင်
မျက်စိကုပါရဂူ Nutrition Manager
ဆရက(၂/၁၀၀၀)၊ နေပြည်တော် MASCOTS Pharmaceutical

ဘဘ ဦးမြင့်ကြည်-မာမီ ဒေါ်မကြီး ဘိုးဘိုး ဦးသိန်းနိုင်-ဘွားဘွား ဒေါ်ခင်သန်းကြည်
ဘဘ ဦးကျော်မျိုးထွန်း-အန်တီနီလာ ဘွားဘွား ဒေါ်ခင်မေညွန့်၊ ကြီးကြီး Dr.ပပ
ဘဘ ဦးမျိုးမင်းကြည်- အန်တီဇင်မာ ဘကြီး Dr.နေမျိုးနိုင်-အန်တီသက်ပိုင်
မမကိုကိုများ-မမမေကျော်၊ ကိုကိုရှင်းခန့်၊ ကိုကိုသူရကျော်၊ ကိုကိုလုံးလုံး၊ မမလုံးလုံး

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၆၅၂၀၊ Nissan Carrier, L/T (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလွင် ၉/မရတ(နိုင်)၀၅၉၇၈၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်မြင့်ခင် ၁၂/ဥကတ(နိုင်)၀၂၈၇၂၂ သည် ကျွန်တော်နှင့် သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၃၀-၆-၂၀၁၃ရက်မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးဟန်တင် ၁၂/ဥကတ(နိုင်)၀၂၈၇၂၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သော မောင်ရွှေမြင့်မြတ်(ခ)ဂွန်းဂွန်း ၁၃/တကန(နိုင်) ၂၈၇၉၂၇ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ၂၄-၆-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင် ဦးဥက္ကာ ၁၃/ကလန(နိုင်)၀၀၀၅၀၄
မိခင် ဒေါ်သွယ်မီကျော် ၁၃/ကလန(နိုင်)၀၀၀၈၉၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၁၆၇ရှိ သုံးခန်းတွဲခုနစ်ထပ်တိုက်၏ အကျယ်အဝန်း (အလျား ၂၁/၈½ ပေ×အနံ ၆၄ပေ)ရှိ လေးလွှာ(တတိယထပ်)အလယ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမြင့်သိန်း ၁၂/စခန(နိုင်)၀၅၅၁၇၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးဘုန်းအောင်ကျော် ဦးကျော်မောင်မောင်မင်း
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
ရုံးအမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
အိမ်အမှတ် ၃၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၅၅၇၂၈၊၀၉-၅၁၄၆၉၁၅

ရခိုင်ပြည်နယ်အတွင်း ဒုက္ခသည်ရေလုပ်သားများအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ပြန်လည်ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ဒုက္ခသည်ရေလုပ်သားများအတွက် ပံ့ပိုးထောက်ပံ့နိုင်ရန် ရေလုပ်ငန်းသုံးပစ္စည်း(စက်လှေ၊ လက်လှေ၊ ကွန်၊ မျှောပိုက်၊ အဏုမြူပိုက်)များဝယ်ယူခြင်းအတွက် ၃-၆-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ထားခဲ့ရပါသည်။

၂။ အဆိုပါဆိုင်းငံ့ထားခဲ့သော အိတ်ဖွင့်တင်ဒါအား အောက်ပါအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါတင်သွင်းမည့်နေရာ** - ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
(ခ) **တင်ဒါတင်သွင်းရက်/အချိန်** - ၁၈-၇-၂၀၁၃ရက်၊ မွန်းလွဲ၁၃း၀၀နာရီ
(ဂ) **တင်ဒါပုံစံဝယ်ယူရန် နောက်ဆုံးရက်** - ၁၇-၇-၂၀၁၃ရက်၊ ညနေ၁၆း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များအား ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် စုံစမ်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၈၅၀၂၉၉၈၊ ၀၄၃-၂၂၁၅၂၊ ၀၄၃-၂၃၇၉၈၊ ၀၉-၄၂၀၇၁၄၀၁၈

တင်ဒါခေါ်ယူရေးကော်မတီ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၂၀၁၃ ခုနှစ် မုတ်သုံဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၅

အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ၂၀၁၃ ခုနှစ် မုတ်သုံဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၆ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေရှင်ရယ်မြန်မာဂေါက်ကလပ် တီခုံအမှတ်(၁)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ Smoke ball ရိုက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်တို့က Smoke ball များရိုက်၍ ဖွင့်လှစ်ပေးကြသည်။

နံနက် ၇ နာရီတွင် ပြိုင်ပွဲပထမနေ့ကို စတင်ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများက သုံးယောက်တစ်တွဲဖြင့် သတ်မှတ်တီခုံများမှစတင်၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ယခုပြိုင်ပွဲတွင် အမျိုးသား အားကစားသမား ၉၆ ဦး၊ အမျိုးသမီး အားကစားသမား ၂၄ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၁၂၀ ပါဝင်၍ ဇူလိုင် ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က ဒုက္ခသည်များအား အခမဲ့သယ်ဆောင်ပေးမည်

ရန်ကုန် ဇူလိုင် ၅

ယခုနှစ် မေလအတွင်းက ဘင်္ဂလားပင်လယ်အော်အတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မဟာစင်(MAHASEN)ကြောင့် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ခဲ့ကြရသည့် မြန်မာနိုင်ငံသား ရေမျောကမ်းတင်ဒုက္ခသည်များအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ ကမ္ဘောဇဘဏ်၏ လှူဒါန်းမှုအစီအစဉ်ဖြင့် ဇူလိုင် ၁၀ ရက်တွင် လေယာဉ်စင်းလုံးဖြင့် သွားရောက်ကာ မြန်မာနိုင်ငံသို့ အခမဲ့ပြန်လည်သယ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် အိန္ဒိယနိုင်ငံ Port Blair သို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁၃၀ ခန့်ကို သယ်ဆောင်လာမည်ဖြစ်ကြောင်း MAI လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆွေဆွေနိုင်

လားရှိုးနန်းဟောဝန်ဥယျာဉ်အတွင်း အမျိုးသမီးတစ်ဦး ဒဏ်ရာဖြင့်သေဆုံးနေ

လားရှိုး ဇူလိုင် ၅

လားရှိုးမြို့တွင် ဇူလိုင် ၄ ရက် နံနက်ခင်းက ရပ်ကွက်(၁) နန်းဟောဝန်ဥယျာဉ်အတွင်း၌ ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသမီး တစ်ဦး၏အလောင်းကို တွေ့ရှိရကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လားရှိုးမြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး၊ တာဝန်မှူး ဒုရဲအုပ်ကြည်စိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက သေဆုံးသူ၏အလောင်းကို လားရှိုးဆေးရုံကြီးသို့ ပို့ဆောင်စစ်ဆေးစေ၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။

သေဆုံးနေ

ပေါ်ပေါက်ချက်အရ သေဆုံးသူသည် လားရှိုးမြို့ ရပ်ကွက်(၁၀) နယ်မြေ(၈) သစ္စာလမ်းနေ မမိုးဆွေဦး(၁၇ နှစ်) ဆိုသူဖြစ်ပြီး သူမသည် ဇူလိုင် ၃ ရက်ကတည်းက နေအိမ်မှ အလုပ်ရှာရန်ဟုဆိုကာ ထွက်ခွာသွားခဲ့ရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် လိုက်လံရှာဖွေ စုံစမ်းနေခြင်းဖြစ်ကြောင်း ဖခင်ဖြစ်သူ ဦးချစ်ဆွေ၏ ပြောပြချက်အရ သိရသည်။ မမိုးဆွေဦးတွင် ပြင်းထန်ဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားပြီး လူသတ်တရားခံကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးနွယ်

မိုးခေါင်သောကြောင့် ဖြစ်ထွန်းစနှမ်းပင်များ ငိုက်စိုက်ကျ နှမ်းစိုက်တောင်သူများ မိုးကိုမျှော်လင့်တောင့်တလျက်ရှိနေ

လင်းခေး ဇူလိုင် ၅

လွန်ခဲ့သော ဇွန်လဆန်းနှစ်ရက်လောက်က မိုးတစ်ဖြိုက်နှစ်ဖြိုက်ကလေးရွာပေးခဲ့သောကြောင့် လင်းခေးနှမ်းစိုက်တောင်သူများ ဝမ်းပန်းတသာဖြစ်ခဲ့ကြရပြီး ၎င်းတို့၏လယ်ယာထဲမှ နှမ်းပင်ပေါက်ကလေးများ ရှင်သန်ကြီးထွားရေးအတွက် အားစိုက်ပြီး အပြေးအလွှား နှမ်းခြံပေါင်းလိုက်နိုင်ခဲ့ကြသော်လည်း ဇွန် ၆ ရက်ကစပြီး ယခု ဇူလိုင်လဆန်းပိုင်း ရောက်လာသည်အထိ လင်းခေးမိုးကမရွာ၊ နေက နံနက်စောစောထွက်လာပြီး အပူဒဏ်သည် လူတွေကိုပင် မခံနိုင်အောင် ခံစားစေခဲ့သည့်အတွက် လင်းခေးနှမ်းစိုက်တောင်သူများအားလုံး၏ နှမ်းခြံများတွင် အပွင့်များပွင့်နေပြီဖြစ်သော နှမ်းပင်များသည် အပင်ခေါင်းငိုက်စိုက်ကျလျက်ရှိနေသည်မှာ စိတ်မချမ်းသာစရာဖြစ်ရကြောင်း ဇူလိုင် ၁ ရက်က နှမ်းစိုက်တောင်ယာခင်းများသို့ ကွင်းဆင်းလေ့လာကြည့်ချိန်၌ တောင်သူများက ပြောကြားသည်။

"အခု နှမ်းဆီထွက်ဖို့အချိန်တွေ နီးလာနေပေမယ့် မိုးမရွာတော့ နှမ်းဆီကို ဈေးကြီးကြီးပေးဝယ်စားကြရမှာ စိုးရိမ်ရပါတယ်။ ဒါကြောင့် မိုးနှမ်းစိုက်တဲ့ရာသီမှာ လိုအပ်တဲ့မိုးရေမရရှိတာဟာ နှမ်းစိုက်တောင်သူတွေအားလုံးရဲ့ လုပ်အားခဆုံးရှုံးမှုတွေအပြင် စားဝတ်နေရေးတွေပါ တော်တော်ထိခိုက်သွားမှာဖြစ်ပါတယ်" ဟု တောင်သူများ ပြောပြသည်ကို ကြားသိခဲ့ရသည်။

စိုင်းဇော်လတ်(လင်းခေး)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖခင်အမည်မှန်

အထက(၆) ရွှေပေါက်ကံ Grade-11 တွင် ပညာသင်ကြားနေသော မမွေး၏ ဖခင်အမည်မှန်မှာ ဦးခွန်ကျော်အောင် ၁၀/ခဇန(နိုင်)၀၀၈၁၁၁ ဖြစ်ပါသည်။

ဦးခွန်ကျော်အောင်



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဇင်သက် ၈/ရစက(နိုင်)၁၃၇၆၀၃ ၏ နိုင်ငံကူးလက်မှတ်-၄၆၁၂၃၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးကျော်ဇင်သက်**

သွေးသည်အသက်

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဒေါ်ခင်ရီရီ ၁၂/စခန(နိုင်)၀၀၄၄၉၆ (ဘ)ဦးသာရင်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ရပ်ကွက်၊ ပြည်လုံးမွေးလမ်း၊ အမှတ် ၆၄၇နေ ဦးအေးဝင်း ၁၂/ဥကတ(နိုင်)၀၈၁၈၁၅ အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၃-၅-၂၀၀၆) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ (အမှတ် ၃၈၈၂/၂၀၀၆)ကို လွှဲအပ်ပေးထားခဲ့ပါသည်။ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဒေါ်ခင်ရီရီက ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ရီရီ စီဂျေ-၀၂၇၇၄၃၊
၁၂/စခန(နိုင်)၀၀၄၄၉၆
အမှတ် ၂၄၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၉၅၀-ဂျ၊ မြေကွက်တည်နေရာအမှတ် ၉၅၀-ဂျ၊ သုခမ္မာလမ်း၊ (၈၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် ဦးစောမောင် ၁၂/ဥကမ(နိုင်)၁၀၄၇၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးစောမောင်နှင့် မိခင်ဒေါ်တင်ညွန့် ကွယ်လွန်သဖြင့် ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၁၅၈၅၀၀၊ ဒေါ်စိန်ရီ ၁၂/ဥကမ(နိုင်)၀၆၂၇၅၀၊ ဒေါ်ညွန့်ညွန့်ခိုင် ၁၂/ဥကမ(နိုင်)၀၆၂၉၅၀ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ် ၃၄၀/က၊ မြေကွက်တည်နေရာအမှတ် ၃၄၀/က၊ ကျန်စစ်သား ၂လမ်း၊ ကြီးပွားရေး/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးနီ PPN-၀၆၈၂၄၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးနီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်နှင်းလှ ၁၂/သဃက(နိုင်)၀၅၇၈၂၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

မြန်မာ့ရွှေဈေးကျ ဝယ်လိုအား နှစ်ဆခန့်မြင့်တက်

ရန်ကုန် ဇူလိုင် ၅

ပြီးခဲ့သည့် လကုန်ပိုင်းမှစ၍ မြန်မာ့ရွှေဈေးနှုန်း ကျဆင်းလာခြင်းကြောင့် ယခင်ကထက် ဝယ်လိုအား နှစ်ဆခန့် တက်လာကြောင်း ရန်ကုန်မြို့ ၂၉လမ်း အောက်ဘလောက်ရှိ အောင်သမာဓိရွှေဆိုင်မှ အရောင်းတာဝန်ရှိသူ၏ ဇူလိုင် ၄ ရက်က ပြောကြားချက်အရ သိရသည်။

"ရောင်းအားက အရင်ကထက် နှစ်ဆလောက်တက်တယ်။ နံနက် ၇ နာရီခွဲလောက်ကနေ ညနေ ၅ နာရီအထိ ဝယ်သူမပြတ်ဘူး။ ရွှေတုံးဖြတ်ပြီး ရောင်းရတာတွေများတယ်။ ဒေါ်လာဈေးနဲ့က ဆန့်ကျင်ဘက်ဖြစ်နေတာလေ။ တော်တော်သိသိသာသာ ဈေးဆင်းသွားတာကတော့ ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်ကဆိုရင် ငွေကျပ် ၆၆၀၀၀၀အထိ ဆင်းသွားတယ်။ နောက်ရက်ပိုင်းတွေမှာတော့ နည်းနည်းချင်းစီ ပြန်တက်လာနေတယ်။ ဇွန် ၂၀ ရက် နောက်ပိုင်းကတည်းက ခုနစ်သိန်းအောက် ကျသွားခဲ့တာ"ဟု ပြောကြားသည်။

ယနေ့ အခေါက်ရွှေဈေးနှုန်းသည် ငွေကျပ် ၆၈၅၀၀၀ရှိပြီး ယမန်နေ့ကထက် ငွေကျပ်၁၀၀၀ မြင့်တက်လာသည်။ ဆိုင်မှဝယ်သည့်ရွှေကို ပြန်သွင်းလျှင် ပေါက်ဈေးထက် ငွေကျပ် ၃၅၀၀လျှော့၍ လက်ခံကြောင်းလည်း သိရသည်။

မြတ်စန္ဒီသင်းဇော်

နွားနို့တိုက်ကျွေးရေး အမရပူရ၌စတင်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ယန္တရားအလယ်တန်းကျောင်း၌ Tetra Laval and Tetra pek က လှူဒါန်းသည့် School Milkများ တိုက်ကျွေးပွဲ အစီအစဉ်ကို နတ်ရေကန်ကျေးရွာ ယန္တရားအလယ်တန်းကျောင်း၌ ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အလှူရှင် Tetra Laval and Tetra pekက လှူဒါန်းသော School Milkများကို ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဦးနှင့် ဆရာ ဆရာမများ၊ နတ်ရေကန်ကျေးရွာ ရပ်မိရပ်ဖများက ယန္တရားမူလတန်း ကျောင်းသားကလေးငယ် ၂၀၀တို့ကို School Milk များနှင့် အာဟာရမုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

နတ်ရေကန်ကျေးရွာ ယန္တရားအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးနိုင်ဦးက "ယခုလို အလှူရှင်တွေ ကိုယ်စား ယန္တရားမူလတန်းကျောင်းသားကလေးများကို ကျွန်တော့်ရဲ့လက်နဲ့ ကိုယ်တိုင်ကျွေးမွေးခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာ ကြည်နူးရပါတယ်"ဟု ပြောပြသည်။

တက်ရောက်

ကျွေးမွေးလှူဒါန်းပွဲသို့ နတ်ရေကန်ကျေးရွာ ယန္တရားအလယ်တန်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ယန္တရားမူလတန်းမှ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၅-၇-၂၀၂၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(ရန်ကုန်)	တစ်ကျပ်သား	၆၈၁၅၀၀
၁၅ ပဲရည်(ရန်ကုန်)	တစ်ကျပ်သား	၆၄၁၄၀၀
၁၆ ပဲရည်(မန္တလေး)	တစ်ကျပ်သား	၆၈၂၅၀၀
၁၅ ပဲရည်(မန္တလေး)	တစ်ကျပ်သား	၆၄၂၃၅၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ယူရို	တစ်ယူရို	၁၂၄၈ - ၁၂၆၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၁-၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆. ၆၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆ - ၃၁၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၄၈၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၁၈၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၂၅၀၀ - ၄၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ - ၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ - ၂၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၀၀၀ - ၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၉၀၀၀ - ၁၂၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၂
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၃၀-၄၇၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၀၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၄၀-၉၂၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၅၀-၂၀၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပျောက်ဆုံးကြောင်း

ကျွန်မ လှဲယမင်းထွေး ၁၂/တမန(နိုင်)၁၀၂၈၅၇၏ပတ်စ်ပို့ ၆၉၁၇၅၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၁၉၄၁

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မန်နေဂျာ မ (၅) ဦး
- ဘွဲ့ရ၊ အသက် (၄၀)အောက်
- အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် Furniture အတွေ့အကြုံရှိသူဖြစ်ရမည်။ (ဒီပလိုမာဘွဲ့၊ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ရှိသူ ဦးစားပေးမည်။)
- ရိုးသားကြိုးစား ယဉ်ကျေးသိမ်မွေ့၍ သွက်လက်ဖျတ်လတ် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

စာရင်းကိုင် မ (၅) ဦး
- B.Com ဘွဲ့ရ၊ အသက် (၅၀)အောက်
- လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

အရောင်းဝန်ထမ်း မ (၃၀) ဦး
- အသက် (၂၀-၃၅)နှစ်အတွင်း၊ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။
- Furniture နှင့် အရောင်းပိုင်း စိတ်ဝင်စားသူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်၍ မိမိတာဝန်ကို တိတိကျကျ တာဝန်ယူနိုင်ရမည်။ လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ယာဉ်မောင်းဝန်ထမ်း ကျား (၅) ဦး
- အသက် (၅၀)နှင့်အောက်၊ အလယ်တန်းအဆင့်
- ယာဉ်မောင်းကျွမ်းကျင်၍ (ဃ)လိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်။

မှတ်ချက်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ နှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူတို့နှင့်အတူ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ချမ်းမြေ့သာပရိဘောဂကုမ္ပဏီလီမိတက်
အမှတ် ၉၇(ဘီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၄ဃ/၃၅၈၈ Toyota Alphard, MN+10 , M/B (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့်၁၂/လမတ(နိုင်)၀၂၇၇၉၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
လေလံတင်ရောင်းချရေးနှင့်ကြီးကြပ်ရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ အောက်ပါမြို့နယ်များရှိ ရော်ဘာခြံ/ပီလောပီနံစိုက်ခင်းများအတွင်း စိုက်ပျိုးထားသော ရော်ဘာစိုက်ပျိုးခင်းများ၊လုပ်ငန်းနှင့် သက်ဆိုင်သော အဆောက်အအုံများအား တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်/အဖွဲ့အစည်းများသို့ နှစ်(၃၀)ငှားရမ်းပိုင်ခွင့်ဖြင့် ၇-၈-၂၀၂၃ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)တွင် အိတ်ဖွင့်တင်ဒါရောင်းချသွားမည်ဖြစ်ပါသည်-

စဉ်	မြို့နယ်	မြေဧရိယာ(ဧက)	မှတ်ချက်
(က)	ကော့မှူး	၅၈၄	ယင်းတွင် ၄က်အော်စမ်းရော်ဘာခြံအမည်ဖြင့် ရော်ဘာစိုက်ပျိုးပြီးဧက (၅၇၆) ဧကနှင့် ခြံမန်နေဂျာရုံး(၁)ရုံး၊ရှင်းလင်းဆောင်(၁)ခု၊ဧည့်ရိပ်သာ(၁)ခု၊ မန်နေဂျာအိမ်(၁)လုံး၊ လုံးချင်းအိမ်(၁၂)လုံး၊နှစ်ခန်းတွဲအိမ်(၁)လုံး၊ ရော်ဘာပြားလှန်းရုံ(၁)ရုံ၊အစေးကြိတ်ခဲရုံ(၁)ရုံ၊ ရော်ဘာမှိုင်းခံရုံ(၂)ရုံ၊ ရော်ဘာအစေးသိမ်းရုံ(၁)ရုံ၊ ဂိုဒေါင်(၄)လုံး၊ရေစင်(၂)ခု၊ အုတ်ကန်(၁) ကန်၊စုစုပေါင်း(၈)ဧကတို့ပါဝင်သည်
(ခ)	တွံတေး	၁၀၀	ယင်းတွင် ပီလောပီနံစိုက်ခင်းအတွင်းမှ ရော်ဘာစိုက်ပျိုးပြီးမြေ(၇၄)ဧကခန့်ပါဝင်သည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၇-၂၀၂၃ရက်မှ ၆-၈-၂၀၂၃ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန (ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ ပိတောက်လမ်းမှတ်တိုင်)တွင် အခမဲ့ထုတ်ပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၆၄၇၅၂၆၊ ၀၁-၆၄၇၇၂၁
လေလံတင်ရောင်းချရေးနှင့်ကြီးကြပ်ရေးအဖွဲ့

ဇနီးအဖြစ်မှမသက်ဆိုင်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု၊ ခင်တိုကျေးရွာတွင် နေထိုင်သူ ဦးဇော်လင်းဦး ၇/ကတခ(နိုင်)၀၉၀၄၉၆ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဇနီးအဖြစ်မှမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်လင်းဦးနှင့်ဒေါ်ဝေဝေခိုင်တို့သည် ၁-၂-၂၀၀၇ရက်မှစတင်၍ ပေါင်းသင်းလာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေစဉ်၂၃-၆-၂၀၁၂ရက်တွင် ဒေါ်ဝေဝေခိုင်မှ ၎င်းပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော ဖုန်း၊ ဆိုင်ကယ်၊ ရွှေငွေတို့ကိုယူဆောင်ပြီး အိမ်ပေါ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ မသက်ဆိုင်ကြောင်း၊ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ဦးဇော်လင်းဦးနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်လင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်စွာဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၄၄၇)
နှင်းဆီလမ်း၊ ကွင်းမြောက်ရပ်ကွက်၊ ကျောက်တံခါးမြို့
ဖုန်း-၀၉-၄၂၅၀၀၈၀၅၂

ပဲခူးတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ပဲခူး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို အစီအစဉ် ရှစ်ရပ်ဖြင့် ကျင်းပခဲ့ရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက ဂုဏ်ပြုအမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်းဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်သောဧည့်သည်တော်များက မြန်မာအမျိုးသမီးများနေ့ ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၁၃၈)



အမှတ် ၁၄/၁၇၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်နေဒေါ်သိန်းလှမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါန)

ခရီးမဝေးတော့တဲ့ တောင်ကြီး-ကျိုင်းတုံကားလမ်း

ဇွန် ၂၉ ရက်က သတင်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူး တည်းဖြတ်ပေးပို့ခြင်း သင်တန်းဆင်းပြီး နေပြည်တော်မှ တောင်ကြီးသို့ ညကား စီးခဲ့သည်။ ဇွန် ၃၀ ရက် နံနက်စောစော တောင်ကြီးကိုရောက်သည်။ တာဝန်က ကျိုင်းတုံ၌ရှိ၍ ဇူလိုင် ၁ ရက် နံနက် ၆ နာရီခွဲတွင် တောင်ကြီး - ကျိုင်းတုံ ဟိုက်အေ့(စ်)ကား ဆက်စီးရသည်။ ယခင်အခေါက်များက ဟဲဟိုး-ကျိုင်းတုံ လေယာဉ်စီးပြီး သွားနေကြဖြစ်သော်လည်း လေယာဉ်ခရီးစဉ်က ဇူလိုင် ၁ ရက်အစား ဇူလိုင် ၃ ရက် ဖြစ်သွား၍ ကားစီးခဲ့ခြင်းဖြစ်သည်။

တောင်ကြီး-ကျိုင်းတုံကားလမ်းသည် ယခင်က ခရီးသည်များနှင့် မဆိုင်သလို ဖြစ်နေခဲ့ပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက်သာ ဖြစ်နေခဲ့သည်။ ယခုတွင်မူ တစ်ရက်ကြိုတင်၍ ကားလက်မှတ်ဖြတ်လာရသည်အထိ ကားစီးခရီးသည် များလာပြီဖြစ်သည်။

နံနက် ၆ နာရီခွဲတွင် တောင်ကြီးမှ ထွက်ကာ မိုင်းပွန်မြို့တွင် ခေတ္တနားပြီး နေ့လယ်စာကို ခိုလန်မြို့တွင် စားသည်။ ယခင်က တောင်ကြီး- ခိုလန်ကို လွိုင်လင်တွင် တစ်ညအိပ်ပြီးမှ ရောက်သည်ဟု ထမင်းဆိုင်ရှင်က ပြောသည်။ သံလွင်မြစ်ကူးတာကော်တံတားကြီးကို ညနေ ၃ နာရီတွင် ဖြတ်ကူးပြီး တာကော်၌ ခေတ္တနားသည်။

"အရင်ကနမ့်စန်-ခိုလန်-တာကော် လမ်းတစ်လျှောက် ချိုင့်တွေကိုရှောင်ကျင်းတွေထဲ တစ်လိမ့်ချင်းမောင်းနဲ့ အလွန်စိတ်ပျက်ဖို့ ကောင်းတယ်။ အခုတော့ မြင်ခဲ့တဲ့အတိုင်းပဲ၊ အဆင်ပြေပါတယ်"ဟု ယာဉ်မောင်းက ပြောကြားသည်။ သံလွင်မြစ် ကူးပြီးသည်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ရောက်သည်။ အတက် အဆင်း အကွေ့အကောက်များ ပိုမိုများပြား လာပြီး တာကော်မှ စ၍ မိုင်းပျဉ်းအထိ လမ်းဘေး တစ်လျှောက် ရေမြောင်းများ တူးထားသည်။

"လမ်း ဘယ်လောက် ကောင်းကောင်း လမ်းဘေးမှာ ရေမြောင်းတူးမထားရင် တောင်ကျရေနဲ့ လမ်းပြန်ပြီး ပျက်စီးတာပါပဲ"ဟု လမ်းအင်ဂျင်နီယာ တစ်ဦးပြောသည်ကို ကြားဖူးသည်။ လမ်းကျဉ်းသည့်နေရာများတွင် တောင်နံရံများကို ဖြို၍ လမ်းချဲ့ထားသည်ကို တွေ့ရသည်။ လမ်းတစ်လျှောက် တောင်နံရံများတွင် ကျောက်စီခြင်း၊ လမ်းဘေးရေမြောင်းများကို ကွန်ကရစ်မွမ်းမံခြင်း၊ ရေမြောင်းများ တူးဖော်နေခြင်းကြောင့် တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ မိုင်းပျဉ်းကို ညနေ ၆ နာရီတွင် ရောက်ရှိပြီး မိုင်းပျဉ်း-တုံတာလမ်းဘေး တောင်နံရံများ ဖြိုချထားပြီးတောင် ခဏခဏပြိုသည်ဟူသော နေရာများ၌လည်း မြေထိန်းနံရံ ကျောက်စီထားသည်ကို တွေ့ရသည်။

ဒေသခံခရီးသွားတစ်ဦးက"အရင်က ဒီလိုနေရာတွေမှာ လမ်းဘေးက တောင်ကြီးပြိုဆင်းလာတာ လမ်းလယ်ကောင်မှာ နေ့ချင်းညချင်းသစ်ပင်ကြီးတွေ၊ ကျောက်တုံးကြီးတွေဖြစ်ပေါ်လာပြီး မူလလမ်းကြောင်း ပျောက်သွားတော့တာပဲ"ဟု ပြောကြားသည်။

ကျိုင်းတုံသို့ ည ၉ နာရီခွဲ ရောက်မည်ဟု ခန့်မှန်းထားသော်လည်း ကျိုင်းတုံနှင့် ၃၅ မိုင်ကျော်သာဝေးသည့် နောင်ချိုရွာတွင် ညအိပ်ရပ်နားပါတော့သည်။ အကြောင်းရင်းကို စုံစမ်းကြည့်ရာ ကျိုင်းတုံမြို့အဝင်တွင် လုံခြုံရေးအရ ည ၇ နာရီကျော်လျှင် ပေးမဝင်တော့၍ ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ယခင်က ရာသီဥတုနှင့် ကားလမ်းအခြေအနေအရ ခရီးဝေးနေသည့် တောင်ကြီး-ကျိုင်းတုံ ကားလမ်းသည် ခရီးမဝေး သက်သောင့်သက်သာ နေချင်းပေါက်သည်ဟု ဆိုချင်ပါသည်။ **မောင်မောင်နိုင် (ကျိုင်းတုံ)**

ပြည်တွင်းသတင်း

နယ်သတင်းအတိုအထွာ

အိန္ဒိယနိုင်ငံရှိ ရွှေကျောင်းဆောင်နှင့် အာနန္ဒာသိမ်တော်ကြီး ပြုပြင်မွမ်းမံမည်

နေပြည်တော် ဇူလိုင် ၅

အိန္ဒိယနိုင်ငံရှိ လုမ္ဗိနီဥယျာဉ် မြန်မာရွှေကျောင်းဆောင်နှင့် အာနန္ဒာသိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မာစေရေး ရွှေဆေးနှင့် ဆေးများသုတ်မည့် လုပ်ငန်းစဉ်ကို အိန္ဒိယနိုင်ငံရှိ သာသနာရေးမှူး၏တင်ပြချက်ကို သာသနာရေးဝန်ကြီးဌာနမှ ခွင့်ပြုလိုက်ကြောင်း ဇူလိုင် ၄ ရက်က သိရသည်။ မြန်မာအမျိုးဂုဏ်၊ ဘာသာသာသနာဂုဏ် မြင့်မားစေရေး၊ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားစေရေးနှင့်ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့စေရေးအတွက် နိုင်ငံတော်အစိုးရသည် အဘက်ဘက်မှဆောင်ရွက်လျက်ရှိသည်။ ကုသိုလ်ယူလှူဒါန်းလိုသူများအတွက်လည်း အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

တိုင်းရင်းဆေးဖြင့် မုံရွာဒေသခံများအား ကုသပေး

မုံရွာ ဇူလိုင် ၅

မြန်မာ့တိုင်းရင်းဆေးပညာကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ဒေသခံပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ရည်ရွယ်လျက် ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ထိန္နဲကျေးရွာကို အခြေပြု၍ အနီးပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား ပုလဲမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တာဝန်ခံ ဦးဝင်းမော်ထွန်းသည် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးရန်နှင့်ကုသပေးရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ထုံကျင်၊ ယားနာ၊ လေငန်းရောဂါများနှင့် အဆစ်အမျက်ရောင်ရောဂါဝေဒနာရှင် စုစုပေါင်း ၁၀၅ ဦးတို့ကို မြန်မာ့တိုင်းရင်းဆေးဖြင့် ကုသပေးခဲ့ကြောင်းသိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

လမ်းပြုပြင်ဆောင်ရွက်

မြိတ် ဇူလိုင် ၅

မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ် ပေါ်တော်မူဘုရားလမ်းထိပ် ဘိုးဘွားရိပ်သာသွား မြို့ပတ်လမ်း၌ လမ်းအရှည်ပေ ၇၀၀ ကတ္တရာလမ်းတွင် ချိုင့်ခွက်များပေါ်များ၍ တောရကျောင်း အမှတ်(၂) အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး အောင်မင်းလွင်၊ တပ်ကြပ်ကြီး သိန်းခိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဦးစီး၍ ယင်းကတ္တရာလမ်းတွင် ချိုင့်ခွက်အများအပြားကို မှိုင်းချေး ကျောက်မှုန့်များ ခင်းကျင်း၍ လမ်းကြိတ်စက်ငယ်နှင့် လမ်းပြုပြင် ဆောင်ရွက်မှုကို ဇူလိုင် ၃ ရက်မှစ၍ ဇူလိုင် ၅ ရက်အထိ အပြီးပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

(၄-၇-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်မို့မို့ဝင်း ၁၂/ပဘတ(နိုင်)၀၀၉၈၁၂၏ ကြေညာအပေါ် ပြင်းထန်စွာကန့်ကွက်၊ သတိပေးခြင်းနှင့် ဦးအောင်မြင့်၊ ဥက္ကဋ္ဌ ရတနာမြိုင်ဆောက်လုပ်ရေးမှ အများပြည်သူသိရှိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇)ရှိ၊ ရတနာမြိုင်ဆောက်လုပ်ရေး၏ဥက္ကဋ္ဌ ဦးအောင်မြင့်၏ ညွှန်ကြားချက်အရ ၄-၇-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်မို့မို့ဝင်း၏ကြေညာခြင်းအပေါ် ပြင်းထန်စွာကန့်ကွက်၊ သတိပေးခြင်းနှင့် အများပြည်သူသိရှိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၄/၄၀ ဟုခေါ်တွင်သော အဆောက်အအုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာ(အဆောက်အအုံ)ဌာနမှ ယာယီမြေရှင်အဖြစ်တာဝန်ခံထားပြီး ၂၃-၁၁-၂၀၁၀ရက်တွင် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဥပဒေအရ သတ်မှတ်ကြေညာခဲ့ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယင်းသို့ အန္တရာယ်ရှိအဆောက်အအုံအဖြစ်သတ်မှတ်ပြီး မူလနေထိုင်သူများနှင့် ညှိနှိုင်းသဘောတူညီချက်အရ အဆောက်အအုံအသစ်ဆောက်လုပ်ရန် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီအား ကန်ထရိုက်တာအဖြစ် သတ်မှတ်အပ်နှင်းခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆောက်အအုံအသစ်ဆောက်လုပ်ရန် ၉-၄-၂၀၁၂ရက်တွင် မူလနေထိုင်သူများအား အစည်းအဝေးဖိတ်ကြားခေါ်ယူညှိနှိုင်းခဲ့ရာတွင် **ဦးအယွတ်(ခ)ဦးသန့်ဇင်နှင့် ဇနီးဒေါ်မို့မို့ဝင်း**(သတင်းစာတွင်ကြေညာသူ)တို့က မူလအဆောက်အအုံတွင် ၎င်းတို့သုံးစွဲနေသည့် ပလက်ဖောင်းစင်္ကြံပေါ်ခွလျက်တည်ဆောက်ထားသော ဆင်ဝင်(ပေါ်တီကို)ရှိကြောင်းတင်ပြခဲ့ရာ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းတံတားမြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားခြင်းဖြစ်၍ အဆောက်အအုံအသစ်တွင် ဥပဒေနှင့်မညီသည့် ကျူးကျော်ဆောက်လုပ်ထားသောဆင်ဝင်(ပေါ်တီကို)ကို ပြန်လည်ထည့်သွင်းဆောက်လုပ်ခွင့်မပြုကြောင်း ရှင်းလင်းဖြေကြားခဲ့ရာ **ဦးအယွတ်(ခ)ဦးသန့်ဇင်နှင့် ဇနီးဒေါ်မို့မို့ဝင်းတို့က ယင်းသို့ ဆင်ဝင်(ပေါ်တီကို)ကို ပြန်လည်ထည့်သွင်းဆောက်လုပ်ခွင့်မပြုခြင်းအပေါ် နစ်နာကြေးပေးရန်နှင့် နစ်နာကြေးမပေးလျှင် အဆောက်အအုံအသစ်ဆောက်လုပ်ခြင်းကို သဘောတူလက်မှတ်ရေးထိုးပေးမည်မဟုတ်ကြောင်း ပြောဆိုလာခဲ့ပါသည်။** ယင်းသို့သောအခြေအနေပေါ်ပေါက်နေသည်ဖြစ်သဖြင့် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီမှ မြို့တော်အင်္ဂါရပ်နှင့်အညီ အဆောက်အအုံအသစ်ပြန်လည်တည်ဆောက်နိုင်ရေးကိုရှေးရှုလျက် ကုမ္ပဏီမှ နစ်နာကြေးအဖြစ်ပေးမည်ဆိုရာ ၎င်းတို့တောင်းဆိုသည့် ငွေကြေးပမာဏကိုညှိနှိုင်းရာ နောက်ဆုံး ငွေကျပ် ၃၅၄သိန်းဖြင့် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

ထို့နောက် အခန်းပေးအခန်းယူစနစ်အရ အဆောက်အအုံအသစ်ဆောက်လုပ်ရာတွင် ရတနာမြိုင်ကုမ္ပဏီမှ ရရှိပိုင်ဆိုင်သောအခန်းများအနက် ခုနစ်ထပ်ရှိအခန်းကို သတ်မှတ်ထားသည့် **ကာလပေါက်ဈေးထက်လျှော့ပေးရန် ဦးအယွတ်(ခ)ဦးသန့်ဇင်နှင့် ဒေါ်မို့မို့ဝင်းတို့က ထပ်မံတောင်းဆိုလာခဲ့ပြန်ရာ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီမှ ထပ်မံလိုက်လျောပေးခဲ့ပါသည်။ အဆိုပါအဆောက်အအုံအသစ်၏ ခုနစ်ထပ်ရှိအခန်းကို ၁၂-၇-၂၀၁၁ရက်စွဲပါ စရန်ပေးကတိစာချုပ်ချုပ်ဆိုရာတွင် စရန်ငွေကျပ် ၃၅၄သိန်းကို ၎င်းတို့က ငွေသားဖြင့်ပေးချေခြင်းမဟုတ်ဘဲ ၎င်းတို့တောင်းဆိုခဲ့သော ဆင်ဝင်(ပေါ်တီကို)အတွက် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီကပေးအပ်သည့် နစ်နာကြေးငွေကျပ် ၃၅၄သိန်းကို စရန်ငွေအဖြစ် သတ်မှတ်ပေးချေခဲ့ခြင်းဖြစ်ပါသည်။** ထိုသို့ ၁၂-၇-၂၀၁၁ရက်စွဲပါ တိုက်ခန်းကို အရစ်ကျငွေချေစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ စရန်ပေးကတိစာချုပ်ချုပ်ဆိုရာတွင် စာချုပ်၏သဘောတူညီချက်အပိုဒ်(၂)တွင်--- ကျန်ငွေ ၃၉၆,၀၀,၀၀၀ (ကျပ်သုံးရာကိုးဆယ့်ခြောက်သိန်းတိတိ)အနက် Foundation (အုတ်မြစ်ချသည့်)ကျသည့်နေ့တွင် ငွေကျပ် ၂၄၆,၀၀,၀၀၀ (ကျပ်နှစ်ရာလေးဆယ့်ခြောက်သိန်းတိတိ)ပေးပြီး အခန်းအား လက်ဝယ်အပ်နှံသည့်အချိန်တွင် နောက်ဆုံးကျန်ငွေ ၁၅၀,၀၀,၀၀၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကို ပေးချေပါမည်ဟုလည်းကောင်း၊ အခန်းကို မြေကြီးတူးသည့်ရက်မှ (၁၈လ)အတွင်း လက်ဝယ်အပ်နှံရမည်ဖြစ်ကြောင်း၊ (၁၈လ)အတွင်းမအပ်နှံနိုင်လျှင် ရောင်းသူမှဝယ်သူအား တစ်လလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် တိုက်ခန်းသစ်လက်ရောက်အပ်နှံပြီးသည့်အချိန်အထိ မပျက်မကွက် ပေးလျော်မည်ဖြစ်ကြောင်း၊ စာချုပ်၏သဘောတူညီချက်အပိုဒ်(၁၄)တွင်---အခန်းရောင်းချသူမှ ပျက်ကွက်ခဲ့သောစရန်ငွေ၏နှစ်ဆ ပေးလျော်မည်ဖြစ်ပြီး အခန်းဝယ်သူဘက်မှ ပျက်ကွက်ခဲ့ပါက ပေးထားသောငွေများအားလုံး အဆုံးအရှုံးခံရမည်ဖြစ်ကြောင်း---သဘောတူ ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်ဟု အတိအလင်း ရေးသားချုပ်ဆိုထားပါသည်။

ယင်းသို့ သဘောတူချုပ်ဆိုထားသည့် စာချုပ်ပါသဘောတူညီချက်များအတိုင်း ဝယ်သူဒေါ်မို့မို့ဝင်းသည် လိုက်နာဆောင်ရွက်ပေးချေရမည့်တာဝန်များကို အဆောက်အအုံဆောက်လုပ်ရန် မြေကြီးတူးအုတ်မြစ်ချသည့်အချိန်မှ အဆောက်အအုံဆောက်လုပ်ပြီးစီးသည့်အချိန်တိုင်အောင် ပေးချေဆောင်ရွက်ခြင်းမရှိဘဲ လုံးဝပျက်ကွက်ခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအချက်ဖြစ်ရပ်မှန်များကို ဒေါ်မို့မို့ဝင်းသည် သိလျက်နှင့်တမင်ထိမ်ချန်၍ စာဖြင့်ရေးသားချုပ်ဆိုထားသော စာချုပ်တွင်မပါရှိသည့် ကန်ထရိုက်တာထံမှ ယင်းခုနစ်ထပ်တိုက်သစ်အခန်းနှင့်ပတ်သက်၍ ရရှိပြီးအကျိုးသက်ဆိုင်မှုကို ဥပဒေအရ စရန်ပေးကတိစာချုပ်ချုပ်ဆိုသည့်ရက်မှစ၍ ရရှိခဲ့ပြီးဖြစ်သည်ဟုလည်းကောင်း၊ --- အရောင်းငွေချေစနစ်၏ သတ်မှတ်အချိန်ဇယားစသည်တို့ကို လုပ်ငန်းတိုးတက်မှုအခြေအနေအလိုက် အကျိုးသက်ဆိုင်နေသူ ကျွန်ုပ်အမှုသည်ထံသို့ အသိပေးအကြောင်းကြားရန်တာဝန်ရှိရာ မည်သည့်အကြောင်းကြား အသိပေးမှုကိုမျှ လုံးဝ(လုံးဝ)မပြုခဲ့သည့်အပြင်-ဟု စာဖြင့် ပေဖြင့် ရေးသားချုပ်ဆိုထားသော၊ ပဋိညာဉ်စာချုပ်တွင်မပါရှိသော စကားရပ်အဆန်းများသုံးစွဲ၍ မဟုတ်မမှန်ကြေညာခဲ့ပါသည်။ တစ်ဖန်ဆက်လက်၍ ကျွန်ုပ်အမှုသည်၏ဆက်သွယ်မှုကိုလည်း တွေ့ဆုံလက်ခံမှုလုံးဝမပြုဘဲ တစ်ဖက်သတ်သဘောဖြင့် ချုပ်ဆိုထားသောစာချုပ်ကို ရှေ့နေမှတစ်ဆင့်အကြောင်းကြားဖျက်၍ စရန်ငွေအဆုံးဟု သတ်မှတ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီ ပြုမူဆောင်ရွက်ရာရောက်နေပါသည်ဟု ထပ်လောင်း၍ အထက်တွင်ဖော်ပြထားသည့် ၁၂-၇-၂၀၁၁ရက်စွဲပါ ပဋိညာဉ်စာချုပ်ဖြင့် ဒေါ်မို့မို့ဝင်းကိုယ်တိုင်လက်မှတ်ရေးထိုး၍ သဘောတူဝန်ခံကတိပြုထားချက်များကို သွေဖည်ဆန့်ကျင်၍ တရားလက်လွတ် လက်လွတ်စပယ် စွပ်စွဲပြောဆိုနေသက်သက်သာဖြစ်ပါကြောင်း၊ ထို့ပြင် အဆောက်အအုံသစ်ဆောက်လုပ်သည့်တည်နေရာ အမှတ်(၃၄/၄၀)၊ ရွှေဘုံသာလမ်းနှင့် ဒေါ်မို့မို့ဝင်းနေထိုင်ရာ အမှတ်(၅၂)၊ ရွှေဘုံသာလမ်းတို့သည် လွန်စွာနီးကပ်လျက်တည်ရှိနေသည်ဖြစ်ရာ အဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်းတိုးတက်မှုအခြေအနေ အကောင်အထည်တို့ကို ဒေါ်မို့မို့ဝင်းသည် နေ့စဉ်နှင့်အမျှ မြင်တွေ့သိရှိနေပါလျက် စွပ်စွဲချက်များသည် မည်မျှသဘာဝယုတ္တိကင်းမဲ့၍ မမှန်မကန်စွပ်စွဲနေကြောင်း အများပြည်သူတို့ မြင်တွေ့သိရှိနိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ထို့ထက်ပိုမိုဆိုးရွားစွာ ဒေါ်မို့မို့ဝင်းက ဆက်လက်၍ အလွန်အကြူးစွပ်စွဲကြေညာထားသည်များသည် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီသည် မိမိနှင့်ဆက်ဆံသူ (Customer)များအပေါ် ဆက်ဆံသူ၏အကျိုး ပထမဦးစားပေး (Customer right first) မူကို ကျင့်သုံးဆောင်ရွက်နေသည့် ဂုဏ်သိက္ခာအမည်သတင်းကောင်းဖြင့် ရပ်တည်နေသည့်ကုမ္ပဏီဖြစ်သည်ကို ထိခိုက်နစ်နာ၍ အသရေပျက်ယွင်းစေရန် ဥပဒေမဲ့ကျူးလွန်သူ၊ စောင့်ထိန်းသင့်သော ကျင့်ဝတ်စည်းကမ်းမစောင့်ထိန်းသူ၊ အနိုင်အထက်ပြုကျင့်သူဟု အများပြည်သူထင်မြင်စေရန် မဟုတ်မမှန်စွပ်စွဲကြေညာထားသည်ဖြစ်ရာ ဒေါ်မို့မို့ဝင်းအနေဖြင့် မိမိ၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပြီး ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဥက္ကဋ္ဌဦးအောင်မြင့်တို့အပေါ် ဝန်ချတောင်းပန်ခြင်းကို သတင်းစာတွင် အများပြည်သူတို့သိရှိစေရန် ပြန်လည်ထည့်သွင်းကြေညာပေးရန် တောင်းဆိုလိုက်သည်။ ထို့ပြင် နောက်နောင်တွင်လည်း ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ဥက္ကဋ္ဌ ဦးအောင်မြင့်အပေါ်တွင်လည်းကောင်း တစ်စုံတစ်ရာ ထိခိုက်နစ်နာစေမည့် မည်သည့်လုပ်ရပ်များကိုမျှ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင် (စဉ်-၄၃၂၂) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၁၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ခက်ခဲစွာကျော်ဖြတ်ရမယ့် စပိန်၊ ပြင်သစ်တို့ရဲ့ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေကို ဇူလိုင် ၆ ရက်နဲ့ ၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဇူလိုင် ၆ ရက်မှာ ပြင်သစ်နဲ့ ဥဇဘက်ကစ္စတန်၊ ဥရုဂွေးနဲ့စပိန်တို့ ဆုံတွေ့ကြမှာဖြစ်ပြီး ဇူလိုင် ၇ ရက်မှာတော့ အီရတ်နဲ့ တောင်ကိုရီးယား၊ ဂါနာနဲ့ချီလီတို့ ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။

ပြင်သစ်နဲ့ ဥဇဘက်ကစ္စတန်

ပြင်သစ်အသင်းဟာ အုပ်စု (A) မှာ ပါဝင်ခဲ့ပြီး အုပ်စုပွဲစဉ်တွေအဖြစ် အမေရိကန်ကို တစ်ဂိုးစီ သရေ၊ ဂါနာကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး စပိန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါ့ကြောင့် အုပ်စု (A) မှာ သုံးပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ လေးမှတ်ရပြီး အုပ်စုဒုတိယနဲ့ ၁၆ သင်းအဆင့် တက်ရောက်လာခဲ့ပြီး ၁၆ သင်းအဆင့်မှာ ပြင်သစ်ဟာ တူရကီနဲ့ဆုံပြီး လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရယူကာ ကွာတားဖိုင်နယ် တက်ရောက်လာတာ ဖြစ်ပါတယ်။ ပြင်သစ်အသင်းမှာ ဂိုးသွင်းခြေစွမ်း ထက်မြက်သူတွေ ပါဝင်ပြီး အသင်းလိုက်ကစားအားကောင်းတာမို့ ဥဇဘတ်တို့ သတိထားကစားရပါလိမ့်မယ်။ ဥဇဘက်တို့ကတော့ အုပ်စု (F) မှာ ပါဝင်ပြီး အုပ်စုပွဲတွေမှာ နယူးဇီလန်ကို သုံးဂိုးပြတ် နိုင်ပြီး ခရိုအေးရှားနဲ့ တစ်ဂိုးစီသရေပွဲဖြစ်ကာ ဥရုဂွေးကို သုံးဂိုးပြတ်ရှုံးပြီး သုံးပွဲကစား လေးမှတ်နဲ့ အုပ်စုတတိယနဲ့ ၁၆ သင်းအဆင့် တက်လာခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ ဂရိနဲ့ ကစားတဲ့အခါ သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြင်သစ်ရဲ့လက်ရှိ ခြေစွမ်းအရ ဥဇဘက်ကစ္စတန်ကို တော်ရုံအားထုတ်မှုနဲ့ မကျော်ဖြတ်နိုင်ပါဘူး။ ဥဇဘက်ဟာ ခြေပေါ်ရင် ထိန်းချုပ်ရခက်တဲ့ ခြေစွမ်းမျိုးရှိတာမို့ အကြိတ်အနယ်ရှိမယ့်ပွဲကောင်းအဖြစ် မြင်တွေ့ရမှာပါ။

ဥရုဂွေးနဲ့ စပိန်

အုပ်စု (A)မှာ ရှုံးပွဲမရှိတက်လာတဲ့အသင်းကတော့ စပိန်ပါပဲ။ နာမည်ကြီးစပိန်ဟာ အုပ်စုပွဲစဉ်တွေမှာ အမေရိကန်ကို လေးဂိုး-တစ်ဂိုး၊ ဂါနာကို တစ်ဂိုး-ဂိုးမရှိ၊ ပြင်သစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲတွေရပြီး အုပ်စုပထမနဲ့ ၁၆သင်းအဆင့် တက်လာခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာ မက္ကဆီကိုနဲ့တွေ့ပြီး နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ယူကာ ကွာတားဖိုင်နယ် တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ စပိန်မှာ ဂျိုဆီက ဂိုးသွင်းခြေစွမ်း ထက်မြက်သူဖြစ်ပြီး အခုအချိန်အထိ တစ်ဦးတည်း ငါးဂိုးသွင်းယူထားနိုင်သူ ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားအားညီတဲ့ ဥရုဂွေးကို ခြေကုန်ထုတ်ရပါလိမ့်မယ်။ ဥရုဂွေးတို့ကတော့အုပ်စု (F)မှာ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ခြောက်မှတ်ရရှိပြီး အုပ်စုဒုတိယနဲ့ ၁၆ သင်းအဆင့်တက်ရောက်လာတာဖြစ်ပြီး ၁၆ သင်းအဆင့်မှာ နိုင်ဂျီးရီးယားကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်လာတာဖြစ်ပါတယ်။ ဥရုဂွေးမှာ လိုပက်ဇ်၊ အက်ဗီဒိုနဲ့ ဘန်တန်ကော့တို့က ဂိုးသွင်းစွမ်းရည်မြင့်တဲ့သူတွေဖြစ်တာမို့ စပိန်တိုက်စစ်ကို ယှဉ်နိုင်ပါတယ်။ စပိန်ကိုကြိုက်ပေမယ့် ဥရုဂွေးကလည်း ပစ်ရက်စရာမရှိပါဘူး။ ။

မိုးမြင့်လင်းလက် ရေးသားသည်

ငွေရတုမင်္ဂလာရက်မြတ်ဆုတောင်း

၆-၇-၂၀၁၂ရက်တွင် ကျရောက်သော ချစ်ဖေဖေ **ဦးကျော်ကျော်စိုး** (Managing Director, System Engineering Co.,Ltd.)နှင့် ချစ်မေမေ **ဒေါ်နွယ်နွယ်မင်း(မမီး)** တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သော သားသမီးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး တိုးတက်အောင် ဆက်လက်ဆောင်ရွက်နိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီး - Esther Ei Mon Soe (Diploma in Tourism & Hospitality, Kaplan University) (Bachelor in Business of Commerce, Murdoch University) (Managing Director,Golden Auspicious Myanmar Travel & Tours Co., Ltd.)

ချစ်သား - Pyay Soe@ Micheal (Director,Golden Auspicious Myanmar Travel & Tours Co.,Ltd.)



ဂျာမန်တင်းနစ်မယ် ဝင်ဘယ်ဒန်ဖလားလုမည်

ဂျာမနီတင်းနစ်မယ် ဆာဘိုင်းလစ္စကီးသည် ဝင်ဘယ်ဒန်တင်းနစ်အကြို ဗိုလ်လုပွဲတွင်အနိုင်ရခဲ့ပြီးနောက် ယနေ့ (စနေနေ့)တွင် ပြင်သစ်တင်းနစ်မယ် မာရီယွန်ဘာတိုလီနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ သူမသည် စတုတ္ထအကျော့တွင် ဆီရီနာဝီလျံကိုအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သူဖြစ်သည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာကိုလည်း အနိုင်ရပြီး ဗိုလ်လုပွဲတက်လာသည်။ အသက် ၂၃ နှစ်ရှိ လစ္စကီးသည် ၁၉၉၉ ခုနှစ်က စတက်ဖီဂရပ်ခုနစ်ကြိမ်မြောက် ဝင်ဘယ်ဒန်ချန်ပီယံဖြစ်ခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ ပထမဆုံးတက်လာသည့် ဂျာမန်အမျိုးသမီးတင်းနစ်မယ်ဖြစ်သည်။

ဒတ်ချ်ကွင်းလယ်ကစားသမား ချယ်လ်ဆီးခေါ်မည်

ဒတ်ချ်ကွင်းလယ်ကစားသမား မာကိုဗန်ဂျင်ကဲကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန် သဘောတူလိုက်ပြီဖြစ်သည်။ ဂျင်ကဲသည် ဒတ်ချ်ကလပ် ဖိုက်ဆေးအာဟမ်း၌ ကစားနေသူဖြစ်သည်။

အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျင်ကဲနှင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုတို့ တွေ့ဆုံအပြီး ခေါ်ယူစာချုပ်ရန် သဘောတူထားသည်။ ဗန်ဂျင်ကဲသည် ဖိုက်ဆေးဘောလုံးသင်တန်းကျောင်းတွင် ခုနစ်နှစ်သားအရွယ်မှစတင်ကစားခဲ့သည်။ ၎င်းအား ချယ်လ်ဆီးက ပေါင်ရှစ်သန်းဖြင့် စာချုပ်ဖွယ်ရှိသည်။ ချယ်လ်ဆီးက ဂျာမနီတိုက်စစ်မှူး အင်ဒရေးစချာလီကို ခေါ်ယူခဲ့ပြီးနောက် ၎င်းသည် ဒုတိယမြောက်ခေါ်ယူသူ ဖြစ်လာမည်ဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဆံပင်ကို အကုန်ညှပ်၍မရသည့် အာခါတိုင်းရင်းသားလေး မောင်လီတီ

စာရေးသူဟာ ဇူလိုင်၁ရက်က သတင်းတာဝန်နဲ့တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ပန်စလီမူလတန်းကျောင်းလေးကို ရောက်ရှိသွားပါတယ်။ ပန်စလီမူလတန်းကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၄၇ ဦး ပညာသင်ကြားနေပြီး ရိုးသားလှတဲ့ အာခါနဲ့လားဟူ ရင်သွေးငယ်လေးများဖြစ်ကြပါတယ်။ ကျောင်းစာသင်ခန်းထဲကို ဝင်သွားတာနဲ့ သံပြိုင်ညီညီသီဆိုကြတဲ့ နှုတ်ဆက်တေးလေးဟာ မြို့ကြီးပြကြီးက ကျောင်းတွေမှာတောင် တစ်ခါမှ မကြားဖူးတဲ့ နှုတ်ဆက်တေးသံလေးပါ။ မြန်မာသံဝဲတဲတဲနဲ့ သီဆိုတဲ့ နှုတ်ဆက်တေးသံလေး ကတော့ ကျွန်တော့်ရင်မှာတစ်သက် မမေ့နိုင်တော့ပါဘူး။

ကျောင်းသူ ကျောင်းသားလေးတွေကို လိုက်လံနှုတ်ဆက်ရင်း ထူးခြားတဲ့ ကျောင်းသားလေးတစ်ယောက်ကို သွားတွေ့တာနဲ့ သတင်းသမားပီပီ ဓာတ်ပုံတွေရိုက်၊ သိချင်တာတွေကို မေးမြန်းကြည့်ခဲ့ပါတယ်။ သူ့ပုံလေးကို ကြည့်ပါ။ ရိုးသားတဲ့သွင်ပြင်လေးမှာ ရှည်လျားလှတဲ့ ဆံပင်တွေက သူ့အလှကို ဖျက်နေသလိုပါပဲ။

"သားဆံပင်တွေ ရှည်နေတယ်။ ကျောင်းသားဆိုတာ ဆံပင်ရှည်မထားရဘူး"လို့ ပြောလိုက်မိပါတယ်။

"ဟုတ်ကဲ့ ဦးဦး။ သားလည်း ဆံပင်ရှည် မထားချင်ပါဘူး။ ဒါပေမယ့် သားဆံပင်တွေက ငယ်ငယ်လေးတည်းက ဖြတ်လို့မရဘူး၊ ဆံပင်တွေကို ညှပ်လိုက်တာနဲ့ သားမခံမရပ်နိုင်အောင်မူးလာပြီး နောက်တော့ သတိလစ်သွားတော့တယ်။ အဲဒါကြောင့် ဆံပင်တွေကို အကုန်ညှပ်လို့မရဘဲ အခုလိုတစ်ပိုင်းတစ်စ အရှည်ထားနေရတာပါ"ဟု ယဉ်ကျေးစွာဖြင့် ပြန်လည်ဖြေကြားသွားပါတယ်။

"ဒီကလေးနာမည်က မောင်လီတီပါ။ အသက်က ၃၁-၁၂-၁၉၉၈ ခုနှစ်မှာ မွေးတာဆိုတော့ ၁၅ နှစ်ပြည့်ခါနီးပါပြီ။ အခု ဒီကျောင်းမှာ စတုတ္ထတန်း တက်ရောက်သင်ကြားနေတာပါ။ မိဘတွေကတော့ မိုင်းဟဲကျေးရွာအုပ်စု ဝိန်းဝရွာမှာ နေထိုင်တဲ့ အာခါတိုင်းရင်းသား ဦးအားဆောင်နဲ့ ဒေါ်ဘူးတီးတို့ရဲ့ သားသမီး ၁၁ ဦးအနက် အငယ်ဆုံးသားပါ။ သူ့ဆံပင်တွေကို ညှပ်လို့မရဘူး၊ ညှပ်တာနဲ့ မူးလာပြီး သတိလစ်သွားတော့တာပဲ။ ဘာကြောင့်လဲဆိုတာတော့ ကျွန်မတို့လည်း သိပ်နားမလည်ဘူး၊ သူတို့ မိသားစုတွေက အရင်ကတော့ မိရိုးဖလာ နတ်ကိုးကွယ်သူတွေပါ၊ အခုတော့ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်နေပါပြီ၊ တချို့ပြောကြတာကတော့ မိရိုးဖလား နတ်ကိုးကွယ် သူတွေအနေနဲ့ အခုလို ထူးခြားတဲ့သူတွေ ရှိတတ်တယ်လို့

ပြောကြ ပါတယ်။ ဒါကြောင့် သူ့ဆံပင်ကို အကုန် ညှပ်လို့မရဘဲ နတ်နေကိုင်း သဘောမျိုး ချန်ထားပေး ရတာပါ"ဟု တာဝန်ခံကျောင်း အုပ်ဆရာမကြီး ဒေါ်လွန်းနွယ်နွယ်ရီက ရှင်းပြပါတယ်။

မည်သို့ပင် ဆိုစေကာမူ ယခု ကဲ့သို့ ဆံပင်ညှပ်၍ မရသည့်အဖြစ်ကတော့ ကျွန်တော့် ဘဝတွင် တစ်သက်မှာ တစ်ခါ ကြုံရသည့် အဖြစ်မို့ မှတ်တမ်း ပြုမိရပါသည်။

မောင်ယဉ်ကျေး

ဗလငါးတန် ဖွံ့ဖြိုးဖို့ တာအုပ်တာပေ လှေလှောစို့

မန့်ဟီးရိုးမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုး

မန့်ဟီးရိုး ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုမြို့နယ်ခွဲ၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက မန့်ဟီးရိုးမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

စနစ်ကျစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းသီရိမောင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၀ ခန့်က ပျိုးပင် ၂၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

သစ်ပင်စိုက်၊ သွေးလှူဒါန်း

တောင်ငူ ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့သည် ဇွန် ၂၉ ရက် နံနက် ၈ နာရီခွဲက တောင်ငူမြို့ ပြည်သူ့အားကစားကွင်းအတွင်း မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တောင်ငူခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပြည်သူ့အားကစားကွင်းအတွင်း အရိပ်ရနှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ တောင်ငူခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး အားဖြည့်အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ကုသသောလူနာများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂-၇-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၃-၇-၂၀၁၃ရက် ညနေ၄ နာရီ

၃။ အသေးစိတ်သိလိုပါက ဟင်္သာတပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၀၄၄-၂၁၀၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဟင်္သာတပြည်သူ့ဆေးရုံကြီး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့
လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး
ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၂၅၁၁ (Ext-105)

အိတ်ဖွင့်တင်ဒါပြင်ဆင်ချက်

၁။ ၁၆-၆-၂၀၁၃ရက်က မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံ၏ အိတ်ဖွင့်တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး
မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၆၅၀၂၅၈၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံ(၅)ရုံနှင့် ဝါကြိတ်စက်ရုံ(စစ်ကိုင်း)တို့တွင် အသုံးမလို ပိုလျှံစက်ပစ္စည်း/စက်အရန်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၆-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၃-၇-၂၀၁၃ ရက်

၂။ အသေးစိတ်သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်၊ မြို့နယ်ခွဲ/တိုက်နယ်ဆေးရုံများ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ဆေးဝါးကုသမှုခံယူမည့်လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ဆေးဝါးကုမ္ပဏီများထံမှ တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် ၃၁-၇-၂၀၁၃ရက်၊ ညနေ ၁၆း၀၀နာရီ

(**မှတ်ချက်** ။ မြန်မာ့အလင်းသတင်းစာတွင် ၂၇-၆-၂၀၁၃ရက်နှင့် ၂၈-၆-၂၀၁၃ ရက်တွင် ဖော်ပြပါရှိသော တင်ဒါပိတ်ရက် ၁၈-၇-၂၀၁၃ ရက်အား တိုးမြှင့်ပြင်ဆင် သတ်မှတ်ခြင်းဖြစ်ပါသည်။)

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ငန်းအသေးစိတ်ကိုသိရှိလိုပါက ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၂၂၄၈၊ ၀၅၈-၂၁၂၃၆တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

စက်မှုဇုန်များသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်များ ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်(၁၅)ခုသို့ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား အဆိုပြုတင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါဌာနနှင့်သက်ဆိုင်ရာ စက်မှုဇုန်ကော်မတီရုံးများတွင် လာရောက်စုံစမ်း ဆွေးနွေးနိုင်ပါသည်။

ဥက္ကဋ္ဌရုံး
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၉၅၁ ၂၁၅၀၄၂၊ ၉၅၁ ၂၁၅၀၄၃၊ ၉၅၁ ၂၁၅၀၄၅

Castor Oil အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - Castor Oil
၂။ ဝယ်ယူမည့်အရေအတွက် - ၄၂၃၅ ကီလို
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ရက် ညနေ ၄ နာရီ
၄။ တင်ဒါပေးသွင်းရမည့်စက်ရုံ - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) **ဖုန်း-၀၆၇-၄၀၈၀၇၆**
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန **ဖုန်း-၀၆၇-၄၀၈၃၅၄**
နေပြည်တော်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်(၈)နှစ်ရှိရမည်။
(ဃ) ၁-၉-၂၀၁၃ရက်တွင် အသက်(၃၀)ပြည့်ပြီးသူ ဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၁၁-၇-၂၀၁၃ရက်မှ စတင်ရယူပြီး ၂၆-၇-၂၀၁၃ရက်(သောကြာနေ့) နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။
(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန(အခန်း ၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၁၃ခုနှစ် ဩဂုတ်လ ၃ရက် (စနေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ လုပ်သက်၊ အသက်ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း(EMBA-၆၆၁၇၃၆၊ ၆၆၄၆၈၄၊ ၆၆၀၈၂၂) (EMPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆) (EMDevS-၅၁၀၂၁၃) (ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၅၂၆၆၁၃)တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လမ်းဖြတ်ကူးသူ ဆိုင်ကယ်တိုက်မိ၍ သေဆုံး

မော်လမြိုင် ဇူလိုင် ၅

မွန်ပြည်နယ် ပေါင်မြို့ ပေါင်းရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၇၃/၁-၂) တွင် သထုံဘက်မှ အာကာ (၂၀နှစ်) မောင်းနှင်ပြီး မအိအိခင် (၁၉နှစ်) ဒုတိယနှစ် (ဥပဒေ) မော်လမြိုင်တက္ကသိုလ် လိုက်ပါစီးနင်းလာသည့် ဟွန်ဒါဒရင်း ၁၂၅ ဆိုင်ကယ်က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး (အမည်/လိပ်စာစိစစ်ဆဲ)အား ဇွန် ၃၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် လမ်းဖြတ်ကူးသူတွင် ဒဏ်ရာများရရှိပြီး ပေါင်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်ရဲစခန်းက အာကာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

လမ်းလျှောက်နေသူကို ဆိုင်ကယ်ဖြင့် တိုက်မိ

မော်လမြိုင် ဇူလိုင် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျွဲခြံကုန်းရပ်ကွက် ဟသ်ာအဝိုင်းအနီး မော်လမြိုင်-ဘားအံ ကားလမ်းတွင် အတ္တရံတံတားဘက်မှ ဟသ်ာအဝိုင်းဘက်သို့ အရင်း(၂၇နှစ်) ကော့ဘိန်းကျေးရွာ ကော့ကရိတ်မြို့နယ်နေသူ မောင်းနှင်လာသော ဝေ့ဖ် ၁၂၅ ဆိုင်ကယ်သည် ဇွန် ၂၉ ရက် ညနေ ၆နာရီ ၄၅မိနစ်ခန့်က ယင်းယာဉ်ကြောအတိုင်းရှေ့တွင် လမ်းလျှောက်နေသူ ဦးဇော်ဝင်းအောင် (၃၄နှစ်) မော်လမြိုင်မြို့နယ်နေသူအား ဝင်ရောက်တိုက်မိ၍ ဦးဇော်ဝင်းအောင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မော်လမြိုင်ဆေးရုံသို့ တင်ပို့ကုသခဲ့ကြောင်းသိရသည်။ဖြစ်စဉ်နှင့်ပတ်သက်၍ အရင်းအားမြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

လားရှိုး – မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ် ဆိုင်ကယ်နှင့် ကုန်တင်ကားကြီး တိုက်မိ

လားရှိုး ဇူလိုင် ၅

ဇွန် ၂၈ ရက် ည ၈ နာရီခွဲက လားရှိုးမြို့နယ်အတွင်း သီပေါ-လားရှိုးလမ်းမပေါ် ခိုစံတန်သစ်တောပျိုးဥယျာဉ်ရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ကြားသိရသောကြောင့် ဖြစ်စဉ်ဖြစ်ပွားမှုများကို စုံစမ်းမှုပြုခဲ့ရာ ယာဉ်မောင်းဦးကျော်အေး (၆၀နှစ်) ပြင်စည်ရွာ နွားထိုးကြီးမြို့နေထိုင်သူသည်ယာဉ်အမှတ် ၆က/---၁၂ဘီး(အစိမ်း) ကုန်တင်ကားကြီးတစ်စီးကို လားရှိုးဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် တစ်ဖက်ယာဉ်ကြောမှ ထွန်းလင်း (၂၄ နှစ်) မောင်းနှင်ပြီး အောင်ပိုင် (၁၆နှစ်) နှင့် ကိုထက် (၁၆နှစ်) တို့ စီးနင်းလာသော ဆိုင်ကယ်က အရှိန်မထိန်းနိုင်၍ ဝင်ရောက်ကာ ကုန်တင်ယာဉ်၏ ဝမ်းဗိုက်သို့ တိုက်မိခဲ့ကြောင်း သိရှိရသည်။

သေဆုံး

ဆိုင်ကယ်မှာ ကုန်တင်ယာဉ်ကြီး၏ အောက်သို့ရောက်ရှိသွားပြီး နောက်မှ လိုက်ပါစီးနင်းသူနှစ်ဦးမှ ကိုထက်မှာ အပြင်းအထန် ဒဏ်ရာရ၍ ထိုနေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထွန်းလင်းနှင့် အောင်ပိုင်တို့မှာလည်း ပြင်းထန်စွာဒဏ်ရာရ၍ လားရှိုး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ထွန်းလင်းမှာ ဆေးရုံကြီးအရောက်တွင် သေဆုံးခဲ့ကြောင်း သိရှိရပြီး အောင်ပိုင်မှာလည်း လားရှိုးဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လားရှိုးမြို့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးတပ်ဖွဲ့ ဒုရဲအုပ်စောဝင်းက စစ်ဆေးမှု ပြုလုပ်လျက်ရှိသလို တရားဥပဒေအရ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

လင်းလင်း(လားရှိုး)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

နမ့်ခမ်း ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ ဇူလိုင် ၃ ရက်နံနက် ၉ နာရီက ကျင်းပသည်။ မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းရွှေမှုန်က လည်းကောင်း၊ အမျိုးသမီးများနှင့် ကျန်းမာရေးဆိုင်ရာအကြောင်းကို နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံမှဒေါက်တာနန်းခမ်းအောင်က လည်းကောင်း၊ အမျိုးသမီးများရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ဥပဒေအရာရှိ ဒေါ်ယဉ်မင်းဝေက လည်းကောင်း၊လူမှောင်ခိုနှင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးဆိုင်ရာများအကြောင်းကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့မှ ရဲအုပ် အောင်မျိုးထွဋ်က လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၂-၂၀၁၃ပညာသင်နှစ် နမ့်ခမ်းအခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၂ ဦးနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသော ကျောင်းသား ကျောင်းသူ ခြောက်ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ဂီတအစည်းအရုံးဝင်များက ဂုဏ်ပြုတေးများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရပ်ကွက်များမှ အမျိုးသမီးရေးရာအဖွဲ့များက ခန်းမရှေ့ကွင်းပြင်တွင် ရပ်ကွက်အလိုက် နေရာများသတ်မှတ်၍ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ဒေသအစားအစာများဖြင့် တက်ရောက်လာကြသော ပရိသတ်များကို ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

ညာဏ်မင်း(နမ့်ခမ်း)

ကျိုက်ထိုကားလမ်းဘေး မြေသားတောင်နံရံပြိုကျမှု ဖြစ်ပွား

ကျိုက်ထို ဇူလိုင် ၅

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ကျောက်ကလပ်ကျေးရွာရှိ ပေ၂၀ တံတားအနီး ကားလမ်း မိုင်တိုင်အမှတ် ၉၀/၂ နှင့် ၉၀/၃ အကြား သိမ်ဇရပ်-ကျိုက်ထိုကားလမ်းဘေးရှိ မြေသားတောင်နံရံသည် ဇူလိုင် ၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ခန့်မှန်းအမြင့်ပေ ၃၀ ခန့်မှ မြေသားများပြိုကျမှုဖြစ်ပွားရာ ကားလမ်းတစ်ဝက်ခန့် မြေသားများ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။ ထိုနေရာသို့ မြို့နယ်မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေသံလွင်ကုမ္ပဏီအား အကြောင်းကြား၍ မရမ်းချောင်းရုံးခွဲမှ မြေသယ်ယာဉ် နှစ်စီး၊ မြေထိုးစက် တစ်စီးတို့ဖြင့် ရှင်းလင်းခဲ့ရာ ညနေ ၆ နာရီတွင် ပြီးစီးခဲ့သည်။

မြေသားတောင်နံရံပြိုကျမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဝင်းမောင်

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်အတွင်း၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မိုးတွင်းကာလ အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါ လမ်းခင်းပစ္စည်းများ ဝယ်ယူလိုပါသည်။

(၁) ဂဝံကျောက် ၁၀၀၀ ကျင်း

(၂) မြစ်သဲ ၂၀၀ ကျင်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၇-၂၀၁၃ ရက်၊ ၁၂:၀၀ နာရီ

တင်ဒါဖွင့်မည့်ရက် - ၂၅-၇-၂၀၁၃ ရက်၊ မွန်းလွဲ ၁၄:၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သရက်တောမှတ်တိုင်အနီး၊ ဘိုကုန်း(အင်းစိန်)မြို့နယ်တွင် ၃-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၉-၅၁၁၆၄၀၈၊ ၅၃၈၀၃၇၁ ၊ ၅၁၁၂၅၃၈

[illegible]

ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊ ရပ်ကွက်(၁)နေ စိုင်းအောင်သူ ၁၃/လရန(နိုင်)၁၂၄၀၈၉ အား စိုင်းအောင်သူ(ခ)ရှံသူဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

အမည်ပြောင်း

အထက(၁၁)၊ နေပြည်တော် စတုတ္ထတန်း(က)တွင် ပညာသင်ကြားနေသော ဦးဝင်းနိုင်၏သမီး မသွန်းရတီအောင်အား မသွန်းရတီနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းရတီနိုင်

အမည်ပြောင်း

ဦးအောင်သူကို၏သမီး အထက(၁၁)၊ နေပြည်တော် စတုတ္ထတန်း(က)တွင် ပညာသင်ကြားနေသော မမိုးသီဂီအား မမြတ်နိုးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမြတ်နိုးစံ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်ဆိပ်ကမ်းနှင့် ရန်ကုန်စတို တို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** ၈-၇-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** ၁၂-၇-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** ၁၄:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ခြင်သားလောင်းတားဆီးဆေး (Abate) Saixaco 1G (Temephos 1% G) (25Kg/Pail) (18900)Kg	၇၅၆ ပုံး
(ခ)	ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ	1 Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၇-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော စက်အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Spare Parts (37) Items

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၇-၂၀၁၃ ရက်၊ ၁၂:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာန၊
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၃၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ဆေးကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှအိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်

တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့် ဆေးဝါးစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါဖွင့်ဖောက်ရေးကော်မတီ
အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး
မြောက်ဥက္ကလာပ၊ ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၉-၅၀၄၈၈၅၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၃၀၉၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မို ၁၀/သထန(နိုင်)၁၃၉၅၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးကျေးရွာနေ ကျွန်မ မတင်တင်အေး ၉/မမန(နိုင်)၀၃၁၅၀၁၏ ဖုန်း(GSM -၀၉-၄၀၂၇၀၀၂၆၄)နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအားလုံးသည် ၁၉-၆-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၂၅၁၁၈၃၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၁၇၃၃ ဟွန်ဒါဝေ့(ဖ်) NF 100MR ယာဉ်လက်ဝယ်ရှိသူ ဦးမောင်လေး ၁၀/ကမရ(နိုင်)၀၄၁၅၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၅၅၂၀ ဟွန်ဒါဒရင်း(မ်) ND125 M ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းထိုက်ဦး ၁၀/သဖရ(နိုင်)၁၁၅၇၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

သတင်းဆောင်းပါး

စီးပွားဖွံ့ဖြိုးအလှတိုးစေမည့် ပဂိုင်ကျေးရွာ တာအဝင်လမ်း

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ပဂိုင်ကျေးရွာအုပ်စုနေ ကျေးလက်ပြည်သူများ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာရေကြီးနစ်မြုပ်ဧရိယာ ဖြစ်နေမှုနှင့် မိုးရာသီ ရေလမ်းဖြင့်သာ သွားလာနေရပြီး ပွင့်လင်းရာသီ ရောက်သည့်အခါ လှေမရောက်၊ လှည်းမရောက်ဖြစ်ကာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြုံနေရမှုကို ပြေလျော့စေရန် နိုင်ငံတော်အစိုးရက ပံ့ပိုးပေးခဲ့သည်။ ယခုနှစ် မိုးမကျမီ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၆)မှ ပဂိုင်ကျေးရွာတာအဝင်လမ်းကို ပြည်သူအကျိုးပြုနည်းလမ်းများဖြင့် ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ ရေနစ်မြုပ်မှုကင်းဝေးကာ စိုက်ပျိုးမြေများ တိုး၍စိုက်ပျိုးလာနိုင်သည်သာမက လမ်းပန်းဆက်သွယ်ရေးပါ အဆင်ပြေချောမွေ့လာလျက် ရှိနေပြီဖြစ်သည်။ သွားလမ်းသာ၍ လာလမ်းဖြောင့်နေကြသည့် ကျေးရွာနေပြည်သူများကို ဇူလိုင် ၂ ရက်က သတင်းအဖွဲ့သွားရောက်တွေ့ဆုံ၍ စေ့ငုမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြို့နယ်အတွင်းရှိ ပဂိုင်ကျေးရွာတာအဝင်လမ်းကို မြောင်းဖြစ်၊ တာဖြစ်၊ လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ပဂိုင်ကျေးရွာအုပ်စု ရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိုးမကျမီ ဒိုက်ဦးမြို့နယ် ဝေါမြို့နယ် အတွင်း ခမုံ-မြစ်ကျိုး ဖြတ်မြောင်းတူး

ဦးမြင့်အောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ပဂိုင်ကျေးရွာ။

ဖော်ပေးခြင်းနှင့် ယခု ပဂိုင်ကျေးရွာ မြောင်းဖြစ်၊ တာဖြစ်၊ လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မိုးရာသီတွင် စိုက်ဧက ၁၅၀၀၀ ခန့် အကျိုးရှိစွာ စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း ယခင်က ရေ

သတင်းနှင့်ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်

လမ်းတစ်ခုတည်းကိုသာ အားထားသွားလာနေရာမှ မြေသားတာပေါင်လမ်းအဖြစ် ဖော်ထုတ်နိုင်မှုကြောင့် ကျေးရွာချင်းဆက်လမ်းများ ပေါ်ထွက်ကာ ဒေသခံများ၏ လူမှုစီးပွားတိုးတက် ခိုင်မာလာစေမည်ဖြစ်ကြောင်း ရှင်းပြသည်။

မြေသားတာပေါင်လမ်းပေါ်တွင် ရောက်ရှိနေသည့် ဒိုက်ဦးမြို့နယ် ပဂိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပဂိုင်ကျေးရွာတွင် အိမ်ခြေ ၇၀၀ ခန့်ရှိပြီး လူဦးရေ ၃၃၈၉ ဦးနေထိုင်ကြောင်း၊ မိရိုးဖလာစပါးစိုက်၊ ပဲစိုက်ကြကြောင်း၊ ပဂိုင်ကျေးရွာက မိုးမရွာလည်း ရေကြီးသည်ဟု ပြောစမှတ်တွင်နေကြောင်း၊ စိုက်ပျိုးရေးကို တစိုက်မတ်မတ် မဆောင်ရွက်နိုင်သော ရေကြီးနစ်မြုပ်ကွင်းများဖြစ်ကြောင်း၊ ယခုအခါ ပြည်သူ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်၍ မိုးဦးကာလတွင်ပင် ရေမတွေ့ရတော့ကြောင်း၊ ရေနုတ်မြောင်းကြီးနှင့် မြေသား တာပေါင်လမ်း ကျေးဇူးကြောင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများပါ စိုက်ပျိုးလာနိုင်မှာဖြစ်၍ တစ်ရွာလုံး အထူးပင်ဝမ်းမြောက်နေကြပါကြောင်း" ပီတိစကားပြောကြားသည်။

ပဂိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အလယ်တန်းပြဆရာမ ဒေါ်လှလှရီက ရေနုတ်မြောင်းကြီးနှင့် မြေသားတာပေါင်လမ်း မရှိခင်က ရေကြီး၊ ရေနက်ကွင်းဖြစ်၍ သွားရေး၊ လာရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့ပါကြောင်း၊ ကျောင်းသားများသည် ရေလမ်းခရီးဖြင့် သွားလာနေရ၍

ဒေါ်လှလှရီ
အလယ်တန်းပြ ဆရာမ
ပဂိုင်ကျေးရွာ။

မိဘအုပ်ထိန်းသူများ အမြဲစိုးရိမ်ပူပန်စိတ်များ ပွားခဲ့ရကြောင်း၊ ယခုအခါရေနုတ်မြောင်းနှင့် မြေသားတာပေါင်လမ်းကြီး ပေါ်လာလို့ သွား

ဦးကျော်စွာအောင် မြို့နယ် အုပ်ချုပ်ရေးမှူး ဒိုက်ဦးမြို့နယ်။

လာမှုလွယ်ကူနေပြီ ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ပဂိုင်ကျေးရွာတောင်သူ ဦးသောင်းအေးက "ကျုပ်က ဒီရွာဇာတိပါ၊ ရေနုတ်မြောင်းကြီးနှင့် မြေသားတာပေါင် လမ်းသစ်ကြီးကို စက်တွေနဲ့ လုပ်ပေးလို့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)နဲ့ စီမံဆောင်ရွက်ပေးတဲ့လူကြီးတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်၊ အရင်ရေမြုပ်နေမှုကြောင့် လယ်တွေပျက်ပြီး မိုးစပါးနှစ်ကြိမ်၊ သုံးကြိမ် ပြန်စိုက်ရတဲ့ဒုက္ခကနေ ကင်းဝေးပါပြီ"ဟု ဝမ်းပန်းတသာ ပြောသည်။

ပဂိုင်တာရွာ အဝင်လမ်းသည် ၃ ဒသမ ၄ မိုင်ရှည်လျားသည်။ လမ်းအကျယ် ၁၆ ပေရှိပြီး လမ်းအမြင့်သည် ပျမ်းမျှ ရှစ် ပေရှိသည်။ ယင်းတာလမ်းကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ရေကြီးမြုပ်မှု အန္တရာယ်မှ ကာကွယ်နိုင်ရန် ခမုံ-မြစ်ကျိုးဖြတ် ရေနုတ်မြောင်းတူးဖော်သည့် လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် တစ်ပြိုင်နက်တည်း ပဂိုင်တာကျေးရွာအဝင်လမ်းကိုပါ မြောင်းဖြစ်၊ တာဖြစ်၊ လမ်းအဖြစ် မိုးမကျမီ မေ ၅ ရက်က အပြီးသတ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြောင်းလဲရယူ

ဒိုက်ဦးမြို့နယ် ပဂိုင်ကျေးရွာ တာအဝင်လမ်းကို မိုးမကျမီ ကြိုတင်စီမံလိုက်သည့်အတွက် တစ်ချိန်က ရေကြီးနစ်မြုပ်ပြီး စိုက်ပျိုး၍မရခဲ့သည့် မြေများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေအဖြစ် ပြောင်းလဲရယူနိုင်ပြီဖြစ်သည်။ မိုးတွင်းအခါ ရေကြီးမှုကြောင့် ပတ်ဝန်းကျင်ဒေသများသို့ စက်လှေ၊ လှေတို့ဖြင့် သွားလာရသောဒုက္ခများမှ ကင်းဝေးသွားပြီး ပဂိုင်ကျေးရွာလေး စီးပွားဖွံ့ဖြိုးအလှတိုး ပွင့်လန်းဝေဆာတော့မည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)၊ ကုသိန္နာရုံလမ်းနေ
ဦးတင်မောင်ထွန်း(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)-
ဒေါ်ခင်လေးလွင်(မစူး)တို့၏သား
မောင်ညီညီဖိုလ်-မအိသက်မွန်တို့၏မောင်

မောင်ဉာဏ်လင်းမောင် B.E(M.E) နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊
အမှတ်(၇၅)ညီ/အေ၊ ၇လမ်းနေ
ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ငွေးတို့၏ သမီးလတ်

မနှင်းချယ်ရီ(ခ)ဝိုင်း

B.Sc(Zool), L.C.C.I Level-I, II

တို့သည် ၂၀၁၃ခုနှစ် ဇူလိုင် ၄ရက် (ကြာသပတေးနေ့)တွင် Western Park (Ruby)၌ နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

မောင်ဉာဏ်လင်းမောင်-မနှင်းချယ်ရီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၇၈၁၇၊ MMP (MMP-01) Dump Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလိန်ခမ်း ၁၃/နခန(နိုင်)၀၀၅၁၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ ထန်းတောဇောဗိ အထက တက္ကသိုလ်ဝင်တန်းမှ မခင်နွဲ့ဝေ၏ဖခင် အမည်မှန်မှာ ဦးတင်ဦး ၅/ရဦန(နိုင်)၀၂၄၈၈၀ ဖြစ်ပါကြောင်း။

ဦးတင်ဦး ၅/ရဦန(နိုင်)၀၂၄၈၈၀

ဖခင်အမည်မှန်

ဖားကန့်မြို့နယ် လုံးခင်း အထက ပဉ္စမတန်း (C)မှ မောင်ဆွတ်ဒူအောင်၊ တတိယတန်း(B)မှ မောင်ဆွတ်နော်ဆိုင်း၊ ဒုတိယတန်း(B)မှ မောင်ဆွတ်ရိန်လ တို့၏ ဖခင်အမည်မှန်မှာ ဦးလဘူ ၁/ကမန(နိုင်)၀၂၆၅၆၈ ဖြစ်ပါကြောင်း။

ဦးလဘူ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၄၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူလွင် ၁၂/ဥကတ(နိုင်)၀၄၆၃၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၅၇၆၆၊ Nissan Diesel CW66HE, Dump Truck (6x4) R ယာဉ်လက်ဝယ်ရှိသူ ဦးလီဝေကြန်(ခ)ကျော်ဝင်း ၁၃/လရန(ဧည့်)၀၀၀၂၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၃၄၂၅၊ Nissan Diesel CW 54H, Dump Truck (6x4) R ယာဉ်လက်ဝယ်ရှိသူ ဦးလီဝေကြန်(ခ)ကျော်ဝင်း ၁၃/လရန(ဧည့်)၀၀၀၂၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးသန်းဦး-ဒေါ်ခင်မေသန်း (တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်) ရောင်းဝယ်ရေးတို့၏သမီးကြီး မမေသက်နိုင်ဦး(မနတ-၂၀၆၀)သည် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ၌(မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပါသဖြင့် မိသားစုနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးဝင်းနိုင်-ဒေါ်သင်းသင်းမြင့်
ကုန်မျိုးစုံရောင်းဝယ်ရေး
လယ်ဝေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၈၀၃၂ Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၅/စကန(နိုင်)၀၃၇၉၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၉၄၄၇၃၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၉/မထလ(နိုင်)၀၀၆၀၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၃၁၃၉ Honda C90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၅/မရန(နိုင်)၀၆၁၀၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇော်လွင်ထွန်း ၁၂/အလန(နိုင်)၀၄၇၄၃၈သည် မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ (သွာနုတ္တ)သားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမြင့်သန်း-ဒေါ်စန်းစန်းရီ

ကျေးဇူးတင်ရှိခြင်း

သန်မြန်သူ မော်တော်ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီ(ရန်ကုန်) ကွပ်ကဲမှုအောက် ယာဉ်လုပ်သားများအတွက် မောင်း/ရောင်းဝတ်စုံ ၈၀၀ တန်ဖိုးငွေ ၃၂၀၀၀၀၀/-အား ၂၉-၆-၂၀၁၃ရက် ၁၀:၀၀နာရီတွင် ပေးအပ်ချီးမြှင့်ခဲ့သော ယာဉ်လိုင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)နှင့် ကော်မတီဝင်များအား အထူးကျေးဇူးတင်ရှိပါသည်။

သန်မြန်သူ ယာဉ်လုပ်သားများ

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ယ/၂၅၂၈၅ ဟွန်ဒါဝေ့စ် ယာဉ်လက်ဝယ်ရှိသူ ဦးစိန်းကော်ရှယ်(ခ)ထွန်းမြင့် ၁၃/တကန(နိုင်)၀၂၇၃၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရင်သန်း ၇/ရတန(နိုင်)၀၄၁၆၂၄၏ နိုင်ငံကူးလက်မှတ်-၅၉၉၅၁၆သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဒေါ်ရင်သန်း

အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုးရွာ၊ ဈေးတန်းရပ်၊ ဦးပြောင်းတင်ပိုင် ခြံဝင်းအတွင်း ၁၉၇၅ခုနှစ်မှစတင်၍ ဦးလေးဖြစ်သူ ဦးဘအောင်အား အိမ်ဆောက်နေထိုင်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်းမပြုပါ၊ ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးပြောင်းတင်၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၃၂၅၅၊ ဂျာလင်းဆိုင်ကယ် လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၅/မရန(နိုင်)၁၆၁၉၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၁၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၈/မမန(နိုင်)၀၁၆၇၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၈၁၀၊ Toyota Corolla, CE 106, S/CO (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်မျိုးဝင်းမြင့် ၁၂/မခန(နိုင်)၁၄၃၉၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ရှုခင်း

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ရေး ဇူလိုင် ၅

သံဖြူဇရပ်မြို့မရဲစခန်း မူးယစ်(ပ)၅/၂၀၁၃ မူး/စိတ်ကို ပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)အမှုကွင်းဆက်အဖြစ် ကျော်အေး (ခ) ပန်းနွယ် (၃၇ နှစ်) တနင်္ကမော့ကျေးရွာ လမိုင်းမြို့နယ်ခွဲနေသူကို ရေးမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်စိုးလွင်ဦးစီး၍ သံဖြူဇရပ်မြို့နယ် ဒုရဲမှူး ကိုကိုဦးတို့ ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကျော်အေး(ခ) ပန်းနွယ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၉ ပြား၊ အလေးချိန် ၁၈၈ ဒသမ ၉ ဂရမ်၊ ကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၉၄၄၅၀၀၀ နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေကျပ် ၈၀၆၅၅၅ တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ရေးမြို့နယ် လမိုင်းနယ်မြေ ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဥပဒေအရ အမှုဖွင့်အရေးယူထားလျက်ရှိကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးရောင်းချနေကြောင်းသတင်းအရ ရေးမြို့မရဲစခန်းမှူးရဲအုပ်မျိုးမျိုးထွန်း ဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင်၂ရက် ည ၁၀ခွဲခန့်တွင် ရေးမြို့ အောင်မင်္ဂလာရပ် ဗိုလ်ချုပ်လမ်းနေ မင်းသူစိုးစီးနင်းလာသည့် ဆိုင်ကယ်ကို ဝေယံချစ်(ခ)ကိုကာ၏ နေအိမ်ရှေ့တွင် မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ဘောက်အတွင်းမှ အဖြူရောင်အအေးပိုက်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား ရှာဖွေတွေ့ရှိရသဖြင့် ဝေယံချစ်(ခ) ကိုကာ၏နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းရှေ့ ပန်းကန်စင်အောက်တွင် တွေ့ရှိရာ NIVE စာတန်းပါ အပြာရောင်သံဘူးဝိုင်းအတွင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြား၊ တန်ဖိုးငွေကျပ် ၉၅၀၀၀၊ ကွင်းပါပုံစံတူ သော့သုံးချောင်းနှင့်မူးယစ်ဆေးဝါးရောင်းချရငွေ စက္ကူ ရောရာ ၅၁၀၀၀ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးသုံးစွဲရောင်းချဖြန့်ဖြူးသူ မင်းသူစိုး (၂၅ နှစ်) ဝေယံချစ် (ခ) ကိုကာ (၂၂နှစ်) အောင်မင်္ဂလာရပ် ရေးမြို့နေသူနှစ်ဦးတို့အား ရေးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **နေမျိုးထွန်း(ရေး)**

ကွယ်လွန်သူကျေးဇူးရှင် မိခင်ကြီး ဒေါ်စန်းရီ (မဆယ်ဆိပ်ရွာ)အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်နေဆဲ ဇောတိညောင်ပင်ကျောင်းဆောင်ကြီးအတွက် အလှူငွေကျပ် ၁၄၀၀၀၀၀ လှူဒါန်းပြီး သိက္ခာထပ် အလှူတော်မင်္ဂလာပွဲ ကျင်းပကာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စကုတိုက် အောင်မင်္ဂလာကျောင်း ဆရာတော် ဦးပညိန္ဒ (ပခုက္ကူ)အား နဝကမ္မအလှူငွေ လှူဒါန်းစဉ်။

(သတင်းစဉ်)

အိတ်ဖွင့်တင်ဒါပိုက်ချက်များ လေလံတင်ရောင်းချ

လပွတ္တာ ဇူလိုင် ၅

၂၀၁၃-၂၀၁၄ခုနှစ် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်ခွဲတင်ဒါချက်များ ပထမအကြိမ်လေလံတင်ရောင်းချခြင်းနှင့် မော်လမြိုင်ကျွန်းမြို့နယ် အင်း/တင်ဒါချက်များဒုတိယအကြိမ်လေလံတင်ရောင်းချခြင်းအခမ်းအနားကို လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ဇူလိုင် ၃ရက်နံနက်၉နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစန်းမောင်ကအမှာစကားပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းဝင်းက အင်း/တင်ဒါ လေလံရောင်းချခြင်းနှင့်ပတ်သက်သော အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။ တက်ရောက်လာကြသည့် ရေလုပ်သားများက သိရှိလိုသည်များနှင့်မရှင်းလင်းသည့် အချက်အလက်များမေးမြန်းခြင်းနှင့်ပြန်လည်ရှင်းလင်းခြင်းများပြုလုပ်သည်။ အခမ်းအနားသို့ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစန်းမောင်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးဦးသန်းဝင်းနှင့် အဖွဲ့တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လူရှယ်တစ်ဦးကြိုးဆွဲချသေဆုံးမှုနှင့် ကျောင်းသားတစ်ဦး ရေနစ်သေဆုံးမှု တစ်နေ့တည်းလှိုင်သာယာတွင်ဖြစ်ပွား

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် ၆ ရပ်ကွက် အမှတ်(၄) အလယ်တန်းကျောင်းရှေ့ရှိ ဗာဒံပင်၌ လူရွယ်တစ်ဦးကြိုးဆွဲချသေဆုံးမှုနှင့် ရန်ကုန်-ပုသိမ်လမ်းမ ဝါဝါဝင်းကုမ္ပဏီရှေ့ရှိ ကျုံးမြောင်းအတွင်း၌ ကျောင်းသားတစ်ဦးရေနစ်သေဆုံးမှု တစ်ရက်တည်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမှတ် ၆ ရပ်ကွက် ဓမ္မရတနာလမ်းအမှတ် (၃၄၉) မှ မောင်ကျော်စိုး (၂၀နှစ်) သည် ဇွန် ၃၀ရက် နံနက် ၇နာရီက အမှတ်(၄) အလယ်တန်းကျောင်းရှေ့ရှိ ဗာဒံပင်၌ ကြိုးဆွဲချသေဆုံးနေကြောင်း သိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်ထိန်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ PR-၀၁ဖြင့် လက်ခံစစ်ဆေးလျက် မြို့နယ်ရဲစခန်းက သေမှုသေခင်းအမှတ် ၄၉/၂၀၁၃ ဖြင့် အမှုဖွင့်၍ စခန်းမှူး ရဲအုပ်ဝင်းဌေးက စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဇွန် ၃၀ ရက်မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ကအမှတ်(၃)အထက်တန်းကျောင်းမှ မောင်သက်ကိုကို(၁၇ နှစ်) သည် တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားလျက်ရှိပြီး ဝါဝါဝင်းကုမ္ပဏီရှေ့ရှိ ကျုံးမြောင်းအတွင်း ရေနစ်သေဆုံးနေကြောင်း သိရသဖြင့် ရှာဖွေကြရာ အလောင်းကို ပြန်လည်တွေ့ရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့၍ PR-၀၂ ဖြင့် လက်ခံစစ်ဆေးလျက်ရှိကာ သောင်းကြီးရဲစခန်းမှ စခန်းမှူးချစ်ကိုကိုက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၆၄)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဇလွန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆) ဓမ္မရိပ်သာကြီးတွင် အကြိမ်(၈၂)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ရက်(၄၀) တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ၁၃၇၅ခုနှစ် ဝါဆိုလကွယ်နေ့၊ ၆-၈-၂၀၁၃ရက်မှ တော်သလင်းလဆန်း ၁၀ရက်၊ ၁၄-၉-၂၀၁၃ရက်အထိ အကြိမ်(၈၂)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ရက်(၄၀) တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ရက်(၄၀) တရားစခန်းပွဲကြီး၌ ကမ္ဘာ့ဌာနာစရိယ အင်းမမြို့ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးသာဂရအရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် နေရာမလပ်ရှုပွားနည်း သင်ကြားပြသမည်ဖြစ်ပါသောကြောင့် တရားဝင်ရောက် အားထုတ်ကြပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်မှလိုက်ပါလိုသော ယောဂီများသည် ဆရာကြီးဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ
အမှတ်(၉၆)၊ ဇလွန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ ၁၅၇ဧကရှိ ဒေါ်မြစိန်အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမိုးအောင်ကျော်(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၁၈၁၄၀ (ဘ) ဦးကျော်ဟန်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင် အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မဇင်မာကျော်၏ဖခင်အမည်မှန်မှာ ဦးမင်းကျော်ဇင် ၅/ရဥန(နိုင်) ၀၇၀၇၁၄ ဖြစ်ပါသည်။ **ဦးမင်းကျော်ဇင်**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ ပဉ္စမတန်း(B)မှ မမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း ၉/ပဥလ(နိုင်) ၀၂၈၅၃၉ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဦးမြင့်ကျော်၏သား မိုးကောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (B_1)မှ မောင်ကျော်သူစိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄-၁၂-၁၉၉၇) ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြို့သစ်နေ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(F)မှ မခိုင်သူဇာ၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၉/မမန(နိုင်)၀၇၅၃၇၉ ဖြစ်ပါသည်။

ဦးအောင်ဝင်း

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထက မိုးမိတ်၊ အဌမတန်း(ဂ)မှ မောင်မင်းထက်ပြည့်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်မင်း ၉/မနမ(နိုင်)၀၅၂၉၆၁ ဖြစ်ပါကြောင်း။

ဦးသိန်းဇော်မင်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ် (၄ ဏ/၂)၊ဧရိယာ ၀ဒသမ ၀၅၇ဧကရှိ ဦးနေဝင်း၊ ဒေါ်ကြူကြူမာအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး(အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၄၅၅၂၁ (ဘ) ဦးနေဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ် (၄ တ/၂)၊ ဧရိယာ ၀ဒသမ ၀၄၅ဧကရှိ ဦးနေဝင်းအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင် မြေကွက်အား ဦးဇော်စိုးမိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၄၅၅၂၁ (ဘ) ဦးနေဝင်းကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၄၇)၊မြေအကျယ်အဝန်းပေ(၄၁×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ အိမ်၊ မြေကွက်နှင့်ပတ်သက်၍ ဒေါ်မြင့်မြင့်စိန် ၁၂/အစန(နိုင်)၀၀၄၇၃၈ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၁၁၆၄၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၊ လူနေရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၃၃၆၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၂၂၀၊ ၁၁လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်မိမိခိုင် ၁၂/ရကန(နိုင်)၀၁၉၂၂၉က မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဥ်-၃၆၂၆၇)	**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ E ×၅လမ်း၊ မြေကွက်အမှတ် (ဒ-၃၁၇၄၄)မြေကွက် ဒေါ်မြင့်မြင့် (ဘ) ဦးစု ၉/ပမန(နိုင်)၀၂၆၀၆၇အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်နှင့် မြေကွက်အမှတ်(ဒ-၃၁၇၄၅)မြေကွက်မှာ ဒေါ်အေးအေးမော် (ဘ) ဦးတင်မြင့် ၉/ပမန(နိုင်)၀၂၆၀၈၃ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်နှင့် ဒေါ်အေးအေးမော်တို့မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြစ် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဝင်း(ခ)ဦးလောဆန် ၁၃/လရန(နိုင်)၀၉၈၇၂၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ရာဇဌာနီလမ်း၊ မြေကွက်အမှတ် ၄၁၄၃၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဒေါ်အမာစိန် (ဘ) ဦးစိန်အေး ၉/ပမန(နိုင်)၁၀၃၀၆၂ အမည်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးဆွေငြိမ်း (ဘ) ဦးသောင်းရင် ၉/ပမန(နိုင်)၀၇၈၄၈၁ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မျိုးဝင်း ၉/ပဘန(နိုင်)၁၁၈၆၅၄
အမှတ် ၃၁၃၈၊ ပေါင်းလောင်း ၂၊ ပျဉ်းမနားမြို့၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်ရွက်လှ	**နှင့်**	ဒေါ်လှတင့်
တရားလို		**တရားပြိုင်**

ဒေါ်လှတင့် အမှတ်-၇၉(က)၊ မင်းရဲကျော်စွာ(၈)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်ရွက်လှက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၅ရက်(၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၈ရက်)မွန်းမတည့်မီအချိန်အတွင်း အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်မြေကွက်နှင့်ပတ်သက်၍ စာရွက်စာတမ်းများနှင့် စာချုပ်များ သင်က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

လမ်းမတော်မြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ်(၆)နှင့်အမှတ်(၁)တွင် ဇူလိုင် ၂ ရက်က နို့ဘူးများဖြင့် မူလတန်းကျောင်းသား ကျောင်းသူများနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ၁၅၀ကို အမက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန္တာခင်နှင့် ဆရာမများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးမောင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက နို့တိုက်ကျွေးကြစဉ်။ ကျော်မြင့်သန်း(လမ်းမတော်)

သတင်းနှင့်ဆောင်းပါး

ချင်းပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေသို့ အခွန်ဝေစု လွှဲပြောင်းပေးအပ်

ဟားခါး ဇူလိုင် ၅

ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သောလိုင်စင်မဲ့မော်တော်ဆိုင်ကယ် စီမံချက်များအပေါ်မှ ကောက်ခံရရှိသောကုန်သွယ်လုပ်ငန်းခွန်၏ ၂၅ ရာခိုင်နှုန်းကို ချင်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေသို့ အခွန်ဝေစုလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ဟားခါးမြို့ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးညွန့်က ကုန်သွယ်လုပ်ငန်းခွန် လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူးက ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ငွေကျပ် ၃၂ ဒသမ ၄၅ သန်းကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက လက်ခံရယူသည်။

အဆိုပါ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်စီမံချက်ကို ဇွန် ၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ချင်းပြည်နယ်အတွင်း ဆိုင်ကယ်စီးရေ ၇၆၀၉ စီးကို ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တောင်ကုတ်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်

တောင်ကုတ် ဇူလိုင် ၅

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၁၉ရက် နံနက်၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)များကို ပေးအပ်ရာ ကန်းဒေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးကြည်အေးနှင့် တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အင်တောမြို့နယ်ခွဲ ခဲဟီးကျေးရွာတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ရပ်စောက် ဇူလိုင် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့နယ်ခွဲ ကျောက်ဂူကျေးရွာအုပ်စု ခဲဟီးကျေးရွာတွင် မူးယစ်ဆေးဝါးများဖမ်းမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ညနေ ၅ နာရီခွဲက ကျောက်ဂူနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝဏ္ဏကျော်၊ နယ်ထိန်းတပ်ကြပ်ကျော်သူဝင်း၊ ဒုတပ်ကြပ် ဇော်မင်းဦး၊ တပ်သား ဆန်းမြင့်သောင်းတို့သည် သက်သေဦးကျော်စိုး၊ဦးကျော်သူဝေနှင့် အတူသတင်းအရကျောက်ဂူကျေးရွာအုပ်စုခဲဟီးကျေးရွာနေဦးအောင်မြ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဝင်းရှိ အိမ်သာကျင်းမှ အဝါရောင်စားအုံးဆီပုံးထဲတွင် အမဲဆီပလတ်စတစ် ကော်ဘူးဝိုင်းနှစ်ဘူးအတွင်း၌ အပြာရောင်ပလတ်စတစ်အိတ်ငယ်ဖြင့် ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၅၄၉၂ ပြား၊ အစိမ်းရောင် ၅၆ပြားနှင့် ဘိန်းမည်း ၈၀ကျပ်သားခန့်တို့ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒုရဲအုပ် ဝဏ္ဏကျော်က တရားလိုပြုလုပ် တိုင်တန်း၍ ဦးအောင်မြနှင့် ဒေါ်ရွှေခေါင်တို့အားကျောက်ဂူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇော်ဝင်းလှိုင်(ရပ်စောက်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲ ကွတ်ခိုင်မြို့နယ်၌ ကျင်းပ

မူဆယ် ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇွန် ၂၈ရက် နံနက်၈နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းကြည်၊ အတွင်းရေးမှူး ဒေါ်အယ်လ်ဆိုင်းဘူနှင့် အဖွဲ့ဝင် ဒေါ်မြင့်မြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြိုင်မဟာစည်သာသနာ့ရိပ်သာ (ရန်ကုန်)
မြိုင်ရတနာသိမ်ကျောင်းတော်ရေစက်ချပွဲနှင့်
တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ ဖြူးရိပ်သာခွဲ မြိုင်မဟာစည်သာသနာ့ရိပ်သာ သာသနဝုမိုကာရီ မြိုင်ရတနာသိမ်ကျောင်းတော် ရေစက်ချပွဲနှင့် မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဝါဆိုဝါကပ်တော်မူကြမည့် မြိုင်ဆရာတော် အရှင်ပညာဓောတ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပနယ်လှည့်ဓမ္မကထိက) အမှူးပြုသောသံဃာတော်များနှင့် ပင့်သံဃာအရှင်သူမြတ်တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို၁၃၇၅ခုနှစ် ဝါဆိုလဆန်း၁၄ရက်၊၂၁-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌမန္တလေးမြို့၊ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်သံဃာတော်များ၏ရှေ့မှောက်၌ ရေစက်သွန်းချလှူဒါန်းမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
မြိုင်မဟာစည်သာသနာ့ရိပ်သာ
ဖုန်း-၀၉-၈၆၂၅၂၂၃၊ ၀၉-၅၂၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀

မြေချပါမစ်နှင့် အရောင်းအဝယ်စာချုပ်များ ပျောက်ဆုံးခြင်းကိုတွေ့ရှိသူမှ
သတင်းပေးပါရန် ကြေညာခြင်း

ကျွန်တော် မောင်ထွန်း ၁၁/စတန(နိုင်)၀၆၁၉၈၃သည် ၂၃-၆-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် ရွှေဝယ်ရတနာ ခရီးသည်ပို့ဆောင်ရေးကားဖြင့် ရန်ကုန်မြို့မှ မြိတ်မြို့သို့ သွားရာတွင် အတူပါသွားသည့် ဒဂုံတောင် အမှတ်(၁၀၆)ရပ်ကွက်၊ သြဘာလမ်း၊ ၈၂၂/က မြေချပါမစ်မူရင်းနှင့် ဦးသန်းထွန်း ၁၂/ရကန(နိုင်)၀၅၆၈၈၈မှ နောက်ဆုံး ကျွန်တော်အား အဆိုပါမြေကွက်နှင့် နေအိမ်ရောင်းချသည့် စာချုပ်မူရင်းများထည့်ထားသည့်အိတ်မှာ ပျောက်ဆုံးနေကြောင်း မြိတ်မြို့တွင် ကားရပ်နားမှသိရပါ၍ အဆိုပါစာရွက်စာတမ်းများကို မည်သူမဆို ရရှိထားပါက အောက်ပါဖုန်းများသို့ အကြောင်းကြားပေးရန် အသိပေး ကြေညာအပ်ပါသည်။ သတင်းပေးသူအား ထိုက်တန်သည့်ချီးမြှင့်ငွေများပေး၍ ကျေးဇူးဆပ်မည် ဖြစ်ပါသည်။

ဆက်သွယ်ရန်
ဦးမောင်ထွန်း
ဖုန်း-၀၉-၄၂၂၂၁၃၅၈၇၊ ၀၉-၄၃၀၀၅၆၀၂၊ ၀၉-၄၉၆၀၅၈၅၄၊ ၀၉-၄၂၀၇၇၁၈၄

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၇၊ မြေကွက်အမှတ် ၁၆၀/က၊ ဧရိယာ ၀ဒသမ၀၉၇၄ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော $\frac{၃၅}{၃၃}$, × $\frac{၇၈}{၇၅}$,၊မြေကွက်တည်နေရာအမှတ် ၁၄/ဃ၊ စံပါယ်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်၊ ကိုကျော်(ကွယ်လွန်))၊ မလှကြီး အမည်ပေါက် B-၃(ခ)ရပြီးမြေအား အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်၃၂/၁၃၏ စီရင်ချက်နှင့် ဒီကရီအရ ဒေါ်သီဂီသွင် တရားပြိုင် ဒေါ်နွယ်နီကျော်ပါ (၁၀)ဦးတို့မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၁၃/၁၃တို့ကို တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်)မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ နတ်ဆိပ်ကျေးရွာနေ ဦးစိန်ထွန်းအောင်၏သား ဦးထွန်းအောင်ကျော်၁၁/ပဏတ(နိုင်)၀၀၃၅၅၃နှင့်ဦးမောင်ပျော့သာမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းအောင်ကျော်(ခ)ဦးမောင်ပျော့သာ

အမည်ပြောင်း

ဦးထိန်နန်လဆိုင်း၏သမီး တနိုင်းမြို့ အထက နဝမတန်း(C)မှ မနှင်းပွင့်ဖြူအား မဂျာကိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဂျာကိုင်

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(I)မှ မဘောက်လု၏ ဖခင်အမည်မှန်မှာ ဦးမောင်ယီ ဖြစ်ပါသည်။

အမည်မှန်

ဦးဇော်နန်၏သား နမ္မတီး၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဆွတ်ဒိန်ဒွဲအောင်၏ အမည်မှန်မှာ မောင်ဆွတ်ရိန်ဒွဲအောင်ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း-I (အတွဲ-၁) မှ မောင်အောင်ပိုင်ဖြိုး၊ အထက (၄) နဝမတန်း (C) မှ မရတနာဖြိုး၊ အထက (၄) ဒုတိယတန်း(B)မှ မောင်ဆုန်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်အောင်ဖြစ်ပါကြောင်း။

ဦးမြင့်အောင်
၆/မအရ(နိုင်)၀၅၉၂၇၉

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အောင်ထွန်းလင်း ၁/ဟပန(နိုင်)၀၀၀၀၆၄ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုမရပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ရင်ရင်
၁/မကန(နိုင်)၀၇၇၀၆၂
ဟိုပင်မြို့

တိုက်ခန်းရောင်းမည်

ပေ (၁၈×၅၅)

(ကုန်သည်လမ်းမ)ထောင့်ခန်း

ဂမုန်းပွင့်ကုန်တိုက်ရှေ့

သုံးလွှာ+လေးလွှာ-နှစ်ခန်း

ဖုန်း-၀၉-၄၉၁၅၅၅၉၅၊

၀၉-၇၃၂၂၂၄၉၀

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဘိုဘိုဦး ၇/ကဝန(နိုင်)၁၁၉၃၈၂၏ Pass port M-၅၀၄၆၆၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၃၃၄၀၁

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ E×၅လမ်း၊ မြေကွက်အမှတ်(ဒ-၃၁၇၄၃)မြေကွက်မှာ ဒေါ်ဝါဝါ(ဘ)ဦးတင်မြင့် ၉/ပမန(နိုင်)၀၂၆၀၆၄ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်နှင့်မြေကွက်အမှတ်(ဒ-၃၁၇၄၆)မြေကွက်မှာ ဒေါ်ကေခိုင်ကျော်(ဘ)ဦးကျော်ညွန့် ၉/ပမန(နိုင်)၁၇၃၇၅၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ဝါဝါနှင့်ဒေါ်ကေခိုင်ကျော်တို့မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါကရုံးလုပ်ငန်းကိစ္စရပ်များကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရန်ဆီဝေ
၁၃/မဆတ(နိုင်)၀၃၇၁၃၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မြို့မရပ်၊ တူးမြောင်းလမ်း၊ မ ၃၁၇နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးချမ်းသာ ၁၃/တကန(နိုင်)၀၅၇၆၁၉ နှင့် ဒေါ်ဝင်းမြင့် ၁၃/တကန(နိုင်)၀၅၇၆၂၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးချမ်းသာနှင့် ဒေါ်ဝင်းမြင့်တို့ကို တောင်ကြီးမြို့၊ မြို့မရပ်၊ တူးမြောင်းလမ်း၊ မ-၃၁၇ရှိ ကွင်း/အကွက်အမှတ် ၃၅၊ ဦးပိုင်အမှတ် ၂၀၅-က၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧက၊ ဂရန်အမှုတွဲအမှတ် (၇၇/၁၉၉၃)ရှိမြေနှင့် မြေပေါ်ရှိ အဆောက်အအုံ ၏အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းလွင် ၁၃/တကန(နိုင်) ၀၅၇၆၁၈၊ NYHE-၀၁၂၀၀၃က ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်စွဲပါ ကောင်းမွေခံ၊ ဆိုးမွေခံ ကိတ္တိမသားနှင့် သမီးအဖြစ်မွေးစားသည့် စာချုပ်ကို တောင်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၁/၂၀၀၆)ဖြင့် ချုပ်ဆိုပေးခဲ့ပါသည်။

ယခုအခါ မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းလွင်၏အမည်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းသာနှင့်ဒေါ်ဝင်းမြင့်တို့အမည်ဖြင့်မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန်အမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးအောင်
အထက်တန်းရှေ့နေ(စဉ်-၁၈၃၇၄/၈၉)
B.Sc, H.G.P, C.B.L,C.P.E,D.I.L-WIPO (Switzer Land)
မ-၁၅၁၊ မြောက်ကျောင်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၈၁-၂၁၂၄၀၆၁၊ ၀၈၁-၂၀၀၄၆၁၊ ၀၉-၄၂၈၃၁၃၀၈၁

စီးပွားရေးကြော်ငြာများ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၁/၂၀)၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိမြေကွက်နှင့် မြေပေါ်ရှိ အိမ်ဟောင်း တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဒေါ်မြင့်မြင့်ဝိုင်း ၁၂/မရက(နိုင်)၀၈၀၄၈၇ ပါလေးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို (စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ စာဂ(၁၇)လမ်း၊ အမှတ်(၇၈၆)ရှိ အလျားပေ ၄၀၊ အနံပေ ၆၀ ရှိသော မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်တင်ရွှေ ၁၂/ဥကတ(နိုင်) ၀၃၈၇၀၃ထံမှ ကျွန်မ ဒေါ်သီတာချို ၁၂/စခန(နိုင်)၀၂၂၀၅၁က ဝယ်ယူရန်အတွက် သဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းစာရွက်စာတမ်း အစုံအလင်ဖြင့်ကျွန်မထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်သီတာချို ၁၂/စခန(နိုင်)၀၂၂၀၅၁**
ဖုန်း-၀၉-၄၂၁၀၃၈၈၃၃

၂၉-၆-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
တရားလွှတ်တော်ရှေ့နေ ဦးလှကိုနှင့်
အရာခံဗိုလ် ဦးသိန်းအောင်တို့၏ ကြေညာချက်အပေါ်

ရှင်းလင်းကြေညာခြင်း

ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက်၊ သရဖီလမ်းနှင့်(၇)လမ်းထောင့်၊ အိမ်အမှတ်၄၂နေ ဒေါ်ခင်ဝင်း(ခ)ဒေါ်ကြည်ဝင်း ၉/ညဥန(နိုင်)၀၁၁၂၀ ၏ ညွှန်ကြားမှုအရ ရှင်းလင်းကြေညာအပ်ပါသည်။

၂၁-၃-၂၀၁၃ရက်က ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက်၊ သရဖီလမ်းနှင့် ၇လမ်းကြားရှိ အရာခံဗိုလ်ဦးသိန်းအောင်နေအိမ်မီးလောင်ရာမှ ကျွန်ုပ်၏အမှုသည်၏နေအိမ်၊ ကားဂိုဒေါင်တို့အား တစ်ခဏချင်းကူးစက်လောင်ကျွမ်းသဖြင့် ကားကိုစက်နှိုး၍ မောင်းယူချိန်ပင်မရခဲ့ပါ။ ကျွန်ုပ်အမှုသည်၏ ဆုံးရှုံးခဲ့ရမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀၀ ခန့်ဆုံးရှုံးခဲ့ရပါသည်။ ယင်းသို့ မီးကူးစက်လောင်ကျွမ်းပြီးနောက်နေ့ ၂၂-၃-၂၀၁၃ ရက်၌ အရာခံဗိုလ်ဦးသိန်းအောင်က အရပ်လူကြီး များနှင့်အိမ်နီးချင်းများ၊ အိမ်သူအိမ်သားများ ရှေ့မှောက်တွင် မီးလောင်ဆုံးရှုံးရမှုအတွက် ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုခဲ့ခြင်းကိစ္စမှာ ငြင်းကွယ်၍ မရသော အမှန်တရားဖြစ်ပါသည်။ ရှင်ပြုပွဲအလှူကိုအကြောင်းပြု၍ တစ်လအချိန်ဆိုင်းငံ့ပေးရန် တောင်းဆိုမှုကိုလည်း ဗုဒ္ဓဘာသာဝင်ဖြစ်သော ကျွန်ုပ်၏အမှုသည်က လေးစားတန်ဖိုးထားခဲ့ပါသည်။ အိမ်နီးချင်းတစ်ဦးပေးသောကတိ အာမခံချက်ဖြစ်၍လည်း ကျွန်ုပ်အမှုသည်က ယုံကြည်ခဲ့ရခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ လူကြီးမင်း၏ အထက်ဖော်ပြပါကြေညာတွင်ကျမှ ထိုသို့ပေးလျော်ရန် ကတိမပြုကြောင်း၊ အာမခံခြင်းများလုံးဝမရှိကြောင်း၊ ငြင်းဆိုမှုမှာ သက်သေအများ ရှိနေပါလျက် ထိုသူများ၏ ဂုဏ်သိက္ခာကိုမျှ မထောက်ထားရာကျပါသည်။ ထို့ပြင် မီးလောင်သည့်ရက် ၂၁-၃-၂၀၁၃ရက်က အရာခံဗိုလ် ဦးသိန်းအောင်သည် ၎င်း၏နေအိမ်တွင်ရှိနေကြောင်း ကျွန်ုပ်၏အမှုသည်တွင် အထောက်အထားရှိသကဲ့သို့ မျက်မြင်တွေ့ရှိသည့်သက်သေများလည်း ရှိနေပါသည်။

အရာခံဗိုလ်ဦးသိန်းအောင်ကိုယ်တိုင် ကျွန်ုပ်အမှုသည်၏ နေအိမ်သို့ရောက်လာပြီး အဆိုပါ မီးလောင်မှုမှာ ၎င်းတွင် တာဝန်ရှိကြောင်း သက်သေအများရှေ့မှောက်တွင်ဝန်ခံခဲ့ပြီး ကျွန်ုပ်အမှုသည်၏ ဆုံးရှုံးမှုများအတွက် ပေးလျော်ပါမည်ဟု ၎င်းပြုခဲ့သော ကတိကဝတ်ကို အမြန်ဆုံးတည်စေလိုပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေကြောင်းများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း(ခ)ဒေါ်ကြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၅၂)
တိုက်-၉/၁၁ (လေးလွှာ)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရောင်းမည်(ညှိနှိုင်းဈေး)

MAZDA RX-8၊ ၇င/---
1300CC(2007 Mdl)
ဖုန်း-၀၉-၄၂၀၀၆၃၂၆၀၊
၀၉-၅၀၀၇၈၅၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၆၃၄၊ Nissan Diesel ,Truck (6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/မနတ(နိုင်)၀၉၉၉၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

စီးပွားရေးကြော်ငြာများ

ကရဝိက်ခန်းမ ဝန်ထမ်းဟောင်းများ (၁၉၇၅-၁၉၉၈ခုနှစ်ထိ)

ဟိုတယ်/ခရီး (ကရဝိက်ခန်းမဝန်ထမ်းဟောင်းများ) ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၄-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ ၁၂:၀၀နာရီအထိ
ကျင်းပမည့်နေရာ - သာသနာ့ဗိမာန်တော် ဓမ္မသုခကျောင်းကြီးကျောင်းတိုက်၊ ကြားတောရလမ်း၊ ဗဟန်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ (ကြေးသွန်းဘုရားအနီး)
စုံစမ်းရန်ဖုန်းများ - **ဦးမိုးစိန် ဖုန်း-၀၉-၇၃၁၅၇၁၈၈၊ ၀၉-၄၂၁၁၃၁၆၀၂၊ မာမာ၊ ဘေဘီ ဖုန်း-၀၉-၇၃၀၁၂၉၁၁**

ဇန်းမော်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ဇန်းမော်ခရိုင်အတွင်းရှိ၊ ဇန်းမော်၊ ရွှေကူ၊ မံစီ၊ မိုးမောက်မြို့နယ်များမှ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဆရာတော်၊ သံဃာတော်အားလုံးကို ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသူများပါ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် ။ ။ ၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၆)ရက် ၊ ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉နာရီမှ၁၂နာရီအထိ။
ကျင်းပမည့်နေရာ ။ ။ ကျောက်စိမ်းတွင်းဓမ္မာရုံ

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဇန်းမော်ခရိုင်မှ ရန်ကုန်မြို့သို့ ရောက်ရှိနေပြီး မပင့်ဖိတ်ရသေးသည့် ဆရာတော်၊ သံဃာတော်များသည် ဥက္ကဋ္ဌဦးစိန်မောင် ဖုန်း-၀၁-၅၄၃၃၀၄၊ အတွင်းရေးမှူးဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးတင့် ဖုန်း-၀၁-၃၉၃၃၆၄၊ ၀၉- ၅၀၀၇၂၇၄၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးခင်မောင်သင်း ဖုန်း-၀၁-၆၅၀၇၅၅၊ ၀၉-၅၁၈၇၅၂၃၊ စည်းရုံးရေးမှူး ဦးစန်းအောင် ဖုန်း-၀၁-၅၄၆၃၃၅၊ ၀၉-၅၁၄၄၇၇၅တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဇန်းမော်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်(၁)၊ (C-7)လမ်းပေါ်ရှိ အကွက်အမှတ် B-107၊ ဧရိယာ ၅ ဒသမ ၀၀ ဧက မြေကွက်အမည်ပေါက်သူ ဒေါ်မြမြဝင်း KKK-၀၇၁၈၄၁ ထံမှ အပြီးအပိုင်ဝယ်ယူလိုက်ပြီဖြစ်၍ အမည်ပြောင်းလျှောက်ထားရန်အတွက် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်စုစု(ခ)ရှီကျင်ချွမ် ၉/မရမ(နိုင်)၀၄၆၂၉၄
အမှတ် ၂၆၁၊ ဒုတိယထပ်၊
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်(၁)၊ (C-8)လမ်းပေါ်ရှိ အကွက်အမှတ် B-98၊ ဧရိယာ ၅ ဒသမ ၀၀ ဧက မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးကြီးမြင့်ထွန်း ၁၂/လမန(နိုင်)၀၂၅၃၉၅ ထံမှ အပြီးအပိုင်ဝယ်ယူလိုက်ပြီဖြစ်၍ အမည်ပြောင်း လျှောက်ထားရန်အတွက် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်စုစု(ခ)ရှီကျင်ချွမ် ၉/မရမ(နိုင်)၀၄၆၂၉၄
အမှတ် ၂၆၁၊ ဒုတိယထပ်၊
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ် ၅၁၁-ခ နှင့် ၅၁၉-က ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်(၁)၊ (C-8)လမ်းပေါ်ရှိ အကွက်အမှတ် B-94၊ ဧရိယာ ၅ ဒသမ ၀၀ဧက မြေကွက်အမည်ပေါက်သူ ဦးစံချစ် ၁၂/ဥကမ(နိုင်)၁၃၇၉၉၁နှင့် C-7 လမ်းပေါ်ရှိ အကွက်အမှတ် B-111၊ ဧရိယာ ၅ ဒသမ ၀၀ ဧက မြေကွက်အမည်ပေါက်သူ ဒေါ်တင်ကြည် ၁၂/ဥကမ(နိုင်)၁၀၀၃၉၆တို့ထံမှ အပြီးအပိုင်ဝယ်ယူလိုက်ပြီဖြစ်၍ အမည်ပြောင်းလျှောက်ထားရန်အတွက် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်စုစု(ခ)ရှီကျင်ချွမ် ၉/မရမ(နိုင်)၀၄၆၂၉၄
အမှတ် ၂၆၁၊ ဒုတိယထပ်၊
အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကွာရှင်းပြီးစီးခြင်း

ဦးသန်းထိုက် ၁၂/ပဘတ(နိုင်)၀၀၄၄၁၂နှင့် ဒေါ်ကေခိုင်ညွန့် ၁၂/ပဘတ(နိုင်)၀၀၀၇၂၃ တို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါသည်။ **ဦးသန်းထိုက်**



ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဒသမအကြိမ်စုပေါင်းဝါဆိုသင်္ကန်းကပ်လှူမည်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ရမ္မာဝတီဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ အမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်ဖွား၊ ကျောင်းထိုင်ဆရာတော်ကြီးများအား ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)မှ ဒသမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၁၃ရက်၊ ၂၀-၇-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ စုံညီစွာကြွရောက် ကြပါရန်နှင့် ဥက္ကဋ္ဌဦးစိုးဝင်း ဖုန်း-၅၆၁၉၁၄၊ ဒုဥက္ကဋ္ဌဦးအောင်ကျော်ဦး ဖုန်း-၅၃၄၇၂၂၊ အတွင်းရေးမှူး ဦးစိန်တင် ဖုန်း-၅၅၂၄၉၅၊ တွဲ/မှူး ဦးထွန်းကြည် ဖုန်း-၇၀၀၅၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် -ဖုန်း-၂၄၂၂၄၆တို့ထံ ဆက်သွယ်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ပြင်ဆင်ဖတ်ရှုပါရန်

၁-၇-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိသည့် ရွှေတိဂုံစေတီတော်လက်ကမ်းစာစောင်ရိုက်နှိပ်ခြင်းလုပ်ငန်း အဆိုပြုလွှာ တင်သွင်းရန် နောက်ဆုံးရက်ကို ၃၁-၇-၂၀၁၃ ရက်အစား ၇-၈-၂၀၁၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ် ၅၁၁-ခ နှင့် ၅၁၉-က ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်(၁)၊ (C-8)လမ်းပေါ်ရှိ အကွက်အမှတ် B-95၊ ဧရိယာ ၅ ဒသမ ၀၀ဧက မြေကွက်အမည်ပေါက်သူ ဦးစံချစ် ၁၂/ဥကမ(နိုင်)၁၃၇၉၉၁နှင့် C-7 လမ်းပေါ်ရှိ အကွက်အမှတ် B-110၊ ဧရိယာ ၅ ဒသမ ၀၀ ဧက မြေကွက်အမည်ပေါက်သူ ဒေါ်တင်ကြည် ၁၂/ဥကမ(နိုင်)၁၀၀၃၉၆တို့ထံမှ အပြီးအပိုင်ဝယ်ယူလိုက်ပြီဖြစ်၍ အမည်ပြောင်းလျှောက်ထားရန်အတွက် ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်စုစု(ခ)ရှီကျင်ချွမ်
၉/မရမ(နိုင်)၀၄၆၂၉၄
အမှတ် ၂၆၁၊ ဒုတိယထပ်၊အနော်ရထာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်ပြောင်း

ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ ဦးလှထွေး၏ သမီးမခင်ရတနာသိန်း ၁၂/ကမန(နိုင်)၁၁၁၂၃၅အား ယနေ့မှစ၍ မခင်ယုလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ယုလွင်**

သိန်းတိုးအောင်

အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုလုပ်ငန်းမှ ဒဂုံအရှေ့/တောင်/မြောက်ပိုင်းနှင့် ဒဂုံဆိပ်ကမ်းရှိ ပါမစ်မြေကွက်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူလိုပါသည်။ (အကျိုးဆောင်ခပေးရန်မလိုပါ။)

ဖုန်း-၀၉-၄၄၈၀၂၄၃၄၃

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂၉

၁။ ဒေါ်ခင်အေးတင့်	**နှင့်**	၁။ ဒေါ်ခင်သီတာမြင့်
၂။ ဒေါ်စန်းစန်းမြင့်		၂။ ဒေါ်ခင်သီတာအေး
၃။ ဒေါ်မြမြအေး		၃။ ဒေါ်တင်နွယ်ဝင်း
၄။ ဒေါ်ခင်ကြည်သိန်း		၄။ ဒေါ်နန်းသဇင်ခိုင်
		၅။ ဒေါ်အိဖြူသွယ်
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်းမကြီး၊ ည/ရပ်ကွက်၊ အမှတ် ၂၉ (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်အိဖြူသွယ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်ခွင့်ပြုသည့် နေအိမ်အဆောက်အအုံမှ ဖယ်ရှားထွက်ခွာစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၂၆ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းထွန်း)
ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရော်ဘာမျိုးသန့် ပျိုးပင်ရောင်းမည်

၂၀၀၀ စီးရီး/(၃၉/၃၅)ပျိုးပင်
တစ်ပင်-၄၅၀ိ/-နှုန်း
ဖုန်း-၀၉-၇၃၀၅၄၈၀၈



ကန့်ကွက်ရန်ကြော်ငြာစာ

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ခြသေ့်လမ်းရှိ အကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၅၁/၁၈၄)၊ ဦးပိုင်အမှတ်(၄၃-ခ)၊ မြေဧရိယာ ၀ဒသမ၀၁၅၆ဧကအား ဒေါ်လှယမ်း နှင့်ဒေါ်နန်းဆွယ်ခမ်း အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်(၃၇၈/၉၂)ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားပါသည်။ မြေငှားဂရန်အမှုတွဲမူရင်းမှာ ပျောက်ဆုံးသွားပါ၍ မြေငှားဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်းနှင့် ဒေါ်လှယမ်းသည် ၁၇-၂-၂၀၀၉ရက်တွင်ကွယ်လွန်သွားပြီဖြစ်ရာ ၄င်း၏သား ဦးတင်ရွှေ(ခ)လီကွမ်းချမ်း ၁၃/မရန(နိုင်)၀၁၈၀၇၈နှင့်ဒေါ်နန်းဆွယ်ခမ်း (ခ)ဒေါ်နန်းခမ်း ၁၃/မရန(နိုင်)၀၀၀၇၆၈ တို့အမည်ဖြင့် လက်ရှိမြေကွက်အား ခွဲစိတ်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးတင်ရွှေ(ခ)လီကွမ်းချမ်း ၁၃/မရန(နိုင်)၀၁၈၀၇၈
ဒေါ်နန်းဆွယ်ခမ်း(ခ)ဒေါ်နန်းခမ်း ၁၃/မရန(နိုင်)၀၀၀၇၆၈
ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့



အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျုံဒရယ်ကျေးရွာ၊ ကွင်းစာအမှတ် (၅၁၅)၊ ဦးပိုင်အမှတ် (၇/၇)၊ ဧရိယာ ၅ဒသမ၃၀ ဧကနှင့် ကွင်းစာအမှတ် (၅၁၅)၊ ကျုံဒရယ်အနောက်ကွင်း၊ ဦးပိုင်အမှတ် (၉/၁/၅)၊ ဧရိယာ ၆ဒသမ ၃၀ဧကတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဆိုသော မိုဟာမက်(ခ)ကိုဇော်လင်း ၁၂/သဃက (နိုင်)၁၃၇၄၇၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများကို ၁၈-၆-၂၀၁၃ရက်တွင် အသိသက်သေများရှေ့မှောက်၌ ပေးချေထားပြီး ၁၇-၇-၂၀၁၃ ရက်တွင် အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကြမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်ထွန်း (စဥ်-၂၅၁၇၂)၊ ဒေါ်ရီရီဝင်း (စဥ်-၂၇၅၂၄)
အထက်တန်းရှေ့နေများ
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၇၃၀၇၂၁၃၁

ကြော်ငြာ

[illegible]

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံးတော်၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၉ နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၇

၁။ ဦးမောင်စန်း	နှင့်	၁။ ဦးမျိုးထွန်း
၂။ ဒေါ်ဝါဝါ		၂။ ဒေါ်သန်းသန်းမြင့်
ဒီကရီအနိုင်ရသူများ		**တရားရှုံးများ**

ဦးမျိုးထွန်း (မြတ်ရွှေရည်ရွှေဆိုင်)၊ ပန်းဘဲတန်းရပ်ကွက်၊ စစ်ကိုင်းမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၁၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမောင်စန်း ပါ-၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(သန်းသန်းရီ)
ဒုတိယခရိုင်တရားသူကြီး၊ စစ်ကိုင်းခရိုင်တရားရုံး

အထူးကျေးဇူးတင်ရှိပါကြောင်း

၂၈-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားသည့် ကျေးဇူးရှင် ဖခင်ကြီးဦးကျင်ခဲ (ခ)လောင်ဦးချင် အသက် (၈၉)နှစ် နာမကျန်းဖြစ်စဉ်က စေတနာမေတ္တာဖြင့် ဂရုတစိုက်ဆေးကုသပေးကြသည့် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်သန်းထွန်း၊ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဦးစိုးဦးမောင်နှင့် အာရှတော်ဝင်အထူးကုဆေးရုံကြီးမှ အုပ်ချုပ်မှုဒါရိုက်တာများ၊ ဆရာဝန်များ၊ သူနာပြုနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဘန်ကောက်မြို့၌ ဆေးကုသမှုခံယူစဉ်အထူးအကူအညီပေးခဲ့သော Bangkok Hospital မြန်မာပြည်ရုံးခွဲမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဝင်းဇော်အောင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စ၌ အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော တရုတ်ဗုဒ္ဓဘာသာဘုံကျောင်းအသီးသီးမှ လူကြီးများနှင့် ဗုဒ္ဓဘာသာဝတ်ပြုအသင်းသားများအားလည်းကောင်း၊ ရွှေလီစိန်ရွှေရတနာဆိုင်နှင့် လိုင်းလိုင်ဟိုတယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ အီးမေးလ်များဖြင့် အကြောင်းကြား နှစ်သိမ့်အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုဖြင့် ကောင်းမှုကုသိုလ်ပြုလုပ်ပေးကြသောသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခဲ့ကြသော မိတ်ဆွေများအားလုံးနှင့် နာရေးသို့ လိုက်ပါပို့ဆောင်ကူညီပေးခဲ့ကြသူများ၊ ကွယ်လွန်သည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးအထိ ကိစ္စအဝဝကိုအဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

ဦးသန်းနိုင်၊ ဦးမောင်မောင်ထွေးနှင့် ကျန်ရစ်သူမိသားစု

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၈နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၇ ။

ဒေါ်မိမိသက်	နှင့်	ဒေါ်စန္ဒာမြင့်(ခ)ဖန်းရှင်း
ဒီကရီအနိုင်ရသူ		**တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြသီတာလမ်း၊ အမှတ်(၂၀/၁)နေ ဒေါ်စန္ဒာမြင့်(ခ) ဖန်းရှင်းသိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ်၊ ဇူလိုင် ၁၆ရက် (၁၃၇၅ခုနှစ်၊ ဝါဆိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ
(ဥမ္မာတင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်မြို့နယ်တရားရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဒေါ်လှအေး	နှင့်	ဒေါ်မကျင်
အမှတ်(၄၃)၊သုတလမ်း၊		အမှတ်(၄၈)၊ အောင်သုခလမ်း၊
အနောက်လှည်းတန်းရပ်၊		ဝတ်သစ်ရပ်၊ ဒိုင်းဝန်ကွင်း၊
မော်လမြိုင်မြို့		မော်လမြိုင်မြို့
တရားလို		**တရားပြိုင်**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ဝတ်သစ်ရပ်၊ အောင်သုခလမ်း၊ အမှတ်(၄၈)နေ တရားပြိုင် ဒေါ်မကျင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လှအေးက မြေနှင့်အိမ်ကို လက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုလွင်)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်အေး ၁၁/မဥန(နိုင်)၀၁၃၇၁၄ သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၅၉၊ သုံးလွှာ/အေ ဟုခေါ်တွင်သည့် ပေ(၁၅×၆၀)အကျယ်ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဆိုသူ ဒေါ်ခင်ထွေးရီ ၁၂/တမန(နိုင်)၀၁၃၁၅၅ ထံသို့ စရန်ငွေကျပ်သိန်းနှစ်ဆယ် ပေးချေဝယ်ယူထားပြီးဖြစ်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံစွာ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကျော်လွန်ပါက ရောင်း/ဝယ် ပြီးမြောက်အောင် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရတနာခိုင်ဖြူမြင့် (LL.B) အထက်တန်းရှေ့နေ (စဥ်-၂၈၃၂၆)
ဖုန်း-၀၉-၇၃၀၉၆၁၈၀

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာ့အလှ (ဦးမြတ်မင်း) ကုမ္ပဏီလီမိတက်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(1) Project Engineer — ကျား (၅) ဦး
B.E (Civil) လုပ်သက်အနည်းဆုံး (၁၀)နှစ်

(2) Site Engineer — ကျား(၁၀) ဦး
B.E (Civil)/ A.G.T.I (Civil)
လုပ်သက်အနည်းဆုံး (၅)နှစ်

(3) Q.C / Q.S Engineer — ကျား (၅) ဦး
B.E (Civil)/ A.G.T.I (Civil)
လုပ်သက်အနည်းဆုံး (၅)နှစ်

(4) Accountant — မ (၃) ဦး
B.Com, CPA, LCCI-III
လုပ်သက်အနည်းဆုံး (၃နှစ် ~၅နှစ်)
ကွန်ပျူတာကျွမ်းကျင်စွာသုံးတတ်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာတွင် လျှောက်ထားလိုသည့်ရာထူး၊ မျှော်မှန်းလစာ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ ခြောက်လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ မြန်မာ့အလှ(ဦးမြတ်မင်း) ကုမ္ပဏီလီမိတက်၊ အမှတ် (၁၁၇/၁၁၉)၊ အခန်းအမှတ် (6D+F)၊ Golden Gate Tower၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါပြီး ၁၄ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

လုပ်ငန်းအတွေ့အကြုံအသေးစိတ်အား ဖြည့်စွက်၍ လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးလျှောက်ထားရမည်။

မှတ်ချက် -လျှောက်ထားသူများသည် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခြင်းခံရသော လျှောက်လွှာရှင်များကိုသာ အင်တာဗျူးခေါ်ယူပါမည်။ မရွေးချယ်သော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

[illegible]

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ လူနေရပ်ကွက် အမှတ် ရွှေပေါက်ကံစက်မှု၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈မှ မြေကွက်အမှတ် ၁၈၈အပေါ်ရှိ မြေပေ(၄၀×၆၀)နှင့် ၎င်းမြေကွက်ပေါ်ရှိ လူနေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်များကို ဒေါ်ညွန့်ညွန့်စန်း ၉/တသန(နိုင်)၁၂၁၃၉၄ က ဦးကံမြင့် ၁၂/ဥကမ(နိုင်)၁၄၄၆၇၂ ထံမှ ဝယ်ယူရန်စရန်ငွေအချို့ပေးချေပြီးဖြစ်သည်။ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မည့်သူမရှိပါက ဆက်လက်၍ အပြီးသတ်ငွေချေ၍ ရောင်း/ဝယ်စာချုပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ညွန့်ညွန့်စန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေနွယ်ဝင်း(စဥ်-၈၁၄၆)	**ဒေါ်နီနီအောင် (စဥ်-၂၇၄၀၇)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၄၂၀၀၅၈၅၇	**ဖုန်း-၀၉-၇၃၀၈၄၈၃၆**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘို(၁၃)လမ်း၊ အမှတ်(၁၀၈၀/ခ)၊ အလျား×အနံပေ(၂၀×၆၀)နှင့် အိမ်မြေအပါအဝင်၊ အကျိုးခံစားခွင့်အားလုံးတို့သည် ဦးရှကို ၁၂/ဥကတ(နိုင်)၀၇၇၄၃၀ အမည်ပေါက်ဖြစ်ပြီး အဆိုပါအိမ်နှင့်မြေအား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သီ ၁၂/ဥကတ(နိုင်)၀၉၈၆၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း အထက်တန်းရှေ့နေ
အမှတ်(၇၇၉)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၃၁၂၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-F) မြေကွက်အမှတ်(V-၃၄)၊ မြေဧရိယာပေ(၂၅×၅၀)အကျယ်အဝန်းရှိ နှစ် ၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၁၁၈)ဟုခေါ်တွင်သော နှစ်ခန်းတွဲ(ရှစ်)ထပ်တိုက်မြေညီထပ်ပထမထပ်၊ (ခေါင်းရင်းခန်း၊ လက်ယာဘက်ခန်း)၊ တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော ဒေါ်ခင်ခင်သန်း၊ ဒေါ်အေးအေးသိန်း၊ ဒေါ်ခင်ခင်ဝင်းတို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော ငွေကို စရန်ငွေအဖြစ် ၂-၇-၂၀၁၃ရက်က ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်(LL.B) အထက်တန်းရှေ့နေ(စဥ်-၂၀၁၈၅)
အမှတ်(၇၉)၊ ၁၀၁ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၃၅၇၄၉

ပြင်ဆင်ဖတ်ရှုပါရန်

၂-၃-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ကြော်ငြာစာမျက်နှာ (၁၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ သာကေတမြို့နယ်၊ ဒေါ်ဥမ္မာအုန်းမှ ဂရန်မိတ္တူအစား ဂရန်သစ်လျှောက်ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/F၊မြေကွက်အမှတ်၇၄/ခ[၁-B]၊ မြေကွက်တည်နေရာအမှတ် ၂၊ အောင်သပြေလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးထွန်းငြိမ်း၊ ဒေါ်သန်းမေ အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေရပြီး)မြေအား အမည်ပေါက်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၁(၆-၁-၁၂)ဖြင့် GPရသူ ဒေါ်နှင်းနှင်းရီမှ အရောင်းအဝယ်စာချုပ်အမှတ် ၈၂၄/၉၇ မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ် က/၂၉၆၊ မြေကွက်တည်နေရာအမှတ် က/၂၉၆၊ ၄လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်နုနုဆွေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နုနုဆွေ(မိခင်)နှင့် ဦးမျိုးမြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်မျိုးဆွေ ၁၂/ဒပန(နိုင်)၀၁၈၆၅၆၊ ဒေါ်မြင့်မြင့်ဆွေ ၁၂/ဒပန(နိုင်) ၀၁၇၂၈၃၊ ဒေါ်မာမာဆွေ ၁၂/ဒပန(နိုင်)၀၁၈၆၉၃၊ ဦးသန်းဖေ ၁၂/ဒပန(နိုင်)၀၁၇၈၅၂၊ ဒေါ်ခင်မျိုးနုထွေး ၁၂/ဒပန(နိုင်)၀၀၇၇၉၃ တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၅၈၉/၂၀၁၃ (၂၄-၄-၂၀၁၃) အရ ပိုင်ဆိုင်ခဲ့ပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ
အသက်(၈၄)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးမှ တရားရေးအရာရှိ ဒေါ်ဝေဝေလွင်၏ဖခင် ဦးမြင့်ဆွေသည် ၅-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကိုကိုနိုင်-ဒေါ်ဇင်လေးချို
ရုံးအဖွဲ့မှူး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

အထူးကျေးဇူးတင်ရှိပါကြောင်း
ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးသန်းအေး (ပျဉ်းမနား၊ မြို့မကျောင်းသားဟောင်း)
အသက်(၈၀)

၂၉-၆-၂၀၁၃ရက် (စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးသန်းအေး နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်မှ ဆေးရုံအုပ်ကြီး၊ ပါရဂူများနှင့် သူနာပြုများ၊ နာရေးကိစ္စကို ဝိုင်းဝန်းကူညီပေးခဲ့သော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူးများနှင့် အရာရှိစစ်သည်များ၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် ခေတ္တဌာနချုပ်မှူး၊ အုပ်မှူး၊ ဌာနမှူးများနှင့်အရာရှိစစ်သည်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိစစ်သည်များ၊ ဖုန်းဖြင့်အကြောင်းကြားနှစ်သိမ့်ပေးကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟဆွေမျိုးများ၊ လှူဖွယ်ဝတ္ထုအစုစုနှင့် ပန်းခွေပန်းခြင်းပေးပို့ကြသူများ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများနှင့် ကွယ်လွန်သည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးအထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအောင်သိန်း (စစ်တွေ)
မန်နေဂျာ(ငြိမ်း)၊ ကကဝယ်
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းဦးခိုင်-ဒေါ်အေး)တို့၏သား၊ (ဒေါ်ဦးမေ-ဦးထွန်းဝေ)၊ ဒေါ်လုံးမေ၊ (ဒေါ်ကျော့စိန်)၊ ဒေါ်ခိုင်ခိုင်၊ ဦးကျော်ထွန်းစံ-ဒေါ်အေးကြွယ်၊ ဒေါ်ကျော့လှ-(ဦးထွန်းဦး)တို့၏ညီ/မောင်၊ ဦးထွန်းလှအောင်၊ ဒေါ်ငွေအေး၊ (ဒေါ်တင်အေး-ဦးသန်းမြင့်)၊ ဦးသိန်းညွန့်-ဒေါ်မြချိုမီထွန်းတို့၏အစ်ကိုသည် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဓညဝတီ သာသနာပြုကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပျို
အသက်(၇၅)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့လိုက်ကျေးရွာနေ(ဦးဘိုးဟံ-ဒေါ်နု)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၃၀၆၊ အခန်း ၇၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၂)နေ(ဦးနိုင်ဘထွန်း)၏ဇနီး၊ ဦးအောင်ဇေယျ-ဒေါ်ခင်ငွေးရီ၊ ဒေါ်ခင်မိမိထွန်း၊ဦးဇော်မင်းထွန်း၊ဦးထင်ကျော်ထွန်းတို့၏မိခင်သည် ၅-၇-၂၀၁၃ရက် နံနက် ၅း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးရ (ပုလော/ပြင်ဘုကြီး)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ ၂၈၂နေ ဦးလှရှိန်-ဒေါ်ရှုတီတို့၏သား၊ ဦးဘရှိ-ဒေါ်သိန်းတင်တို့၏သားသမက်၊ ဒေါ်သီတာ၏ခင်ပွန်း၊ (ကိုရာဇာ)၏အစ်ကို၊ မေသက်ပိုင်၊ လင်းပြည့်အေး၊ သိမ်မွေ့ဝတီတို့၏ဖခင်သည် ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးစိုးရ (ပုလော/ပြင်ဘုကြီး)
အသင်းဝင်အမှတ်-၃၄၉၄
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၂၈၂နေ ဒေါ်သီတာ၏ခင်ပွန်းသည် ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၃ရက် (စနေနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဒေါ်စန်းမြင့်
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ အမှတ် ၁၀၊ အခန်း ၅၀၃နေ ဦးဌေးအောင်၏ဇနီး၊ မင်းညဏ်လင်း-မဝင်းစန္ဒာ၊ မင်းထက်လှိုင်တို့၏မိခင်၊ မင်းအားမာန်၏အဘွားသည် ၅-၇-၂၀၁၃ရက် နံနက် ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းမြင့်(ခ)
တေ့ကောင်ဘင်
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၂၁လမ်း၊ အမှတ် ၅၇၊ မြေညီထပ်နေ (ဦးတေ့ယုကြည်-ဒေါ်မေဟုန်)တို့၏သား၊ဒေါ်ဝင်းသိန်း၏ခင်ပွန်း၊ မသီတာအေး၊ မအေးမိစံ၊ မကေသီအေး၊ မနီနီအေး၊ မသန္တာအေး၊ မရတနာအေးဝင်းတို့၏ဖခင်သည် ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မချမ်းမြေ့မြင့်မွန်
B.A (B.M)
အသက်(၃၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာနေ ဦးကျော်သိမ်း-ဒေါ်ခင်စန်း၊ ရန်ကုန်မြို့နေ (ဦးသိန်းဟန်၊ မိုး/ဇလ)-ဒေါ်ခင်စန်းစန်းတို့၏ မြေးဦး၊ ပဲခူးမြို့နေ ဦးမြင့်သိဏ်းဦး(သစ်တော-ပဲခူး) - ဒေါ်လှလှမွန်းတို့၏သမီးကြီး၊ (ဦးမျိုးဟန်)-ဒေါ်ညိုညိုသန်းတို့၏သမီးချွေးမ၊ မောင်အေးမင်းဦး-မထက်ထက်ကျော်၊ မောင်ဝေယံမြင့်တို့၏အစ်မ၊ မောင်အောင်ဘိုဟန်၏ဇနီးသည် ၅-၇-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်စိန်စိန်
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ် ၂၁၀နေ (ဦးခင်စိန်၊ စိန်မိသားစု လေမှုတ်စက်လုပ်ငန်း)၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်(အထွေထွေမန်နေဂျာ၊အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်)၊ ဦးမြင့်သိန်း-ဒေါ်ခင်မိမိ(စိန်မိသားစု လေမှုတ်စက်လုပ်ငန်း)တို့၏မိခင်၊ ဦးစန်းမောင်-ဒေါ်ကျင်လှ၊ ဦးညွန့်လှိုင်-ဒေါ်စိန်ကြည်တို့၏အစ်မ၊ ဦးဇော်တိုး၊ ဦးဇော်ဇော်ထက်၊ ဦးဟိန်းဖြိုးခိုင်-ဒေါ်ခင်မွန်နွယ်(UPG Co., Ltd.)၊ မသီရိသစ်သစ်(B.E, Civil, Final၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏အဘွားသည် ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလှ (သရက်)
အသက်(၈၅)နှစ်

သရက်မြို့နေ (ဦးမြစ်-ဒေါ်ဖြူနု)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုပ်ကျောင်းလမ်း၊ အမှတ် ၁၉နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးခင်မောင်စန်း-ဒေါ်ကျင်)တို့၏ညီမ၊ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)၊ ဦးခင်မောင်သန်း-ဒေါ်ခင်ဝေတို့၏အစ်မ၊ ဦးဇော်ဝင်း(အကောက်ခွန်ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါက်တာမြတ်မွန်(ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏မိခင်၊ ဒေါက်တာအေးအေးခိုင်၊ [မရွှေရည်ဦး(ခ)တုတ်တုတ်]၊ မဉူဉခင်(ခေတ္တ-စင်ကာပူ)တို့၏ဘွားဘွားကြီးသည် ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ရှမ်း(ခ)ဟာဂျီမရာဇီယာဘီ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၇လမ်း၊ အမှတ် ၄၈နေ ဟာဂျီ ဦးမာမက်ယူစွဖ်၏ဇနီး၊ ဦးအခိုင်-ဒေါ်မြင့်မြင့်လေး(ခေတ္တ-USA)၊ ဟာဂျီ ဦးလှသန်း-ဒေါ်အေးအေးသန်း၊ ဦးသန်းအေး-ဒေါ်နန်းအေးယုံလန်၊ ဟာဂျီဦးမောင်အေး(ရွှေရောကားအလှ)-ဟာဂျီမဒေါ်ခင်တီ(မြို့ရွာ/အိုးအိမ်)၊ (ဒေါ်မမလေး)၊ ဦးသန်းဦး(အတူး)-ဒေါ်အေးအေးဝါ၊ ဦးခင်မောင်ကြီး-ဒေါ်အေးသန်း(ခေတ္တ-ဂျာမနီ)၊ ဦးလှဝင်း-ဒေါ်ရှရီဖာ၊ ဟာဂျီဦးဘဝင်း(ခ) A-ရှကူး-ဟာဂျီမဒေါ်ညိုညိုသန်းတို့၏မိခင်၊ မြေး ၃၅ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဂျုမ္မာနမာစ်အပြီး မွန်းလွဲ ၁နာရီတွင် အထက်ပန်းဆိုးတန်းလမ်း ရွှာဟောင်းပလီတွင် ဂျနာဇာနမာဇ်ဖတ်ပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်ဝင်းဝင်းမြင့် (မော်လမြိုင်) အသက်(၇၃)နှစ် နာရေးကြော်ငြာတွင် **(ဒုတိယဗိုလ်မှူးကြီးသောင်းအေး၊ တပ်မတော်-လေ) အစား ဒုတိယဗိုလ်မှူးကြီးသောင်းအေး(တပ်မတော်-လေ)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်လွင်လွင်သိန်း (Shirley)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဝန်ကြီးများရုံး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊အမှတ် ၃၆၊ ဗဟိုလမ်း (ယခင် ဇေယျဝတီလမ်း)နေ (ဦးကျော်သိန်း၊ I.C.S. Retd - ဒေါ်သက်တင်)တို့၏သမီး၊ဦးကျော်တင်သိန်း(MOFA)၊ (ဦးကျော်ခင်သိန်း)၊ (ဒေါ်တင်တင်သိန်း)၊ဒေါ်ခင်ခင်သိန်း(ပါမောက္ခ၊ ငြိမ်း၊ အသုံးချဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ရန်ကုန်)တို့၏ညီမ၊ ဒေါ်ရီရီသိန်း(Ex-Economist/UNV Focal, UNDP/UNMIK/UNV)၊ ဒေါက်တာဆွေဆွေသိန်းတို့၏အစ်မသည် ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးအစ္စလာမ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအေးကျော်
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၂၃(က)နေ ဦးဝင်းနိုင်(လှည်းတန်း)-ဒေါ်မြမြ(အထက-၂၊ ကမာရွတ်၊ငြိမ်း)တို့၏သားကြီး၊ ဦးခင်မောင်ထွေး-ဒေါ်မြမြရီတို့၏သားသမက်၊ ဦးသက်ခိုင်-ဒေါ်သီတာပြုံး၊ ဦးမျိုးမော်-ဒေါ်ချိုချိုဝင်းတို့၏အစ်ကို၊ဒေါ်ခင်ဝိုင်းထွေး၏ခင်ပွန်း၊ မောင်ဖြိုးပြည့်ကျော်၊မောင်မြတ်မင်းဖြိုး၊ မောင်အောင်မြတ်ဖြိုးတို့၏ ဖခင်သည် ၄-၇-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၉း၄၀နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U Thang Zen
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ တိုက် ၂၈၊ခြောက်လွှာ(ဝဲ)နေ U Bal Na-Daw Then Yoe တို့၏ဒုတိယသား၊ U Cang Tung-Daw Reng Sung တို့၏ညီ၊ Daw Nga Hoih - U Ring Hlu တို့၏အစ်ကို၊ ဒေါ်ခင်ကြည်-U Phun Sang၊ ဒေါ်ခင်နွယ်-U Boi Aung၊ ဦးခင်မောင်ချင်း-ဒေါ်ယေအေး၊မိုင်ခင်ခင်ထွေး-U Bosco Lian Mang၊ မိုင်ခင်မငယ်၊ မိုင်ကြည်ကြည်ဝင်း၊ မောင်မောင်ထန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ Daw Nga Lung ၏ခင်ပွန်းသည် ၅-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄နာရီကမဟာမြိုင်အထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[စမ်းချောင်းနေအိမ်နှင့်၊ CBC ဘုရားကျောင်းမှ မွန်းလွဲ ၁း၃၀နာရီ၊ အင်းစိန် ပန်းခြံမှ မွန်းလွဲ ၁း၃၀နာရီ၊ ရွှေပြည်သာ၊ ထန်းခြောက်ပင်မှတ်တိုင်တို့မှ မွန်းလွဲ ၁း၃၀နာရီ၊ မြောက်ဒဂုံ၊ (၄၆)ရပ်ကွက်၊ ဗထူးလမ်း၊ ဈေးလေးမှတ်တိုင်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်လှိုင် (မြောက်ဦး)
အသက်(၄၇)နှစ်

